မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၃ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအောင်မျိုးမြင့် ကို မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအောင်ကျော်ဇံ ကို ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

**အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် (၃၅/၂၀၁၆) အရ ဖွဲ့စည်းခဲ့သည့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယသမ္မတ (၁) — နာယက

(ခ) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ကိုယ်စားလှယ်<br>အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (မ) | ကိုယ်စားလှယ်<br>အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ယ) | ကိုယ်စားလှယ်<br>ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်း | အဖွဲ့ဝင် |
| (ရ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (လ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/မူဝါဒ)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် လိုအပ်သည့်အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒများကို ပြင်ဆင်ရေးဆွဲချမှတ်ခြင်းနှင့် ကဏ္ဍအလိုက် မူဝါဒများတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် လမ်းညွှန်ခြင်း၊

(ဂ) အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်သော အခြေခံမူများ၊ မဟာဗျူဟာများ၊ နှစ်တို၊ နှစ်ရှည်လုပ်ငန်းအစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော် နိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဃ) ကဏ္ဍအလိုက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ် ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကို ကဏ္ဍအလိုက်တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ခြင်း၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်ခြင်း၊

(စ) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်နိုင်ရေးနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ အကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) မြေအသုံးချမှုမှန်ကန်ရေး၊ သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဇ) သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ်ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ဆောင်ရွက်ခြင်း၊

(ဈ) ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်း၊ ပြင်ဆင်ရေးဆွဲခြင်း၊ ကဏ္ဍအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းနိုင်ရန် လမ်းညွှန်ခြင်း၊

(ည) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များစနစ်တကျ အသုံးချရေးဆိုင်ရာ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်ထုတ်လုပ်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဌ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်း အချက်အလက်များထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဍ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဎ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ပတ်ဝန်းကျင်အရည်အသွေး ကောင်းမွန်ရေးနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဏ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျ ထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများထိန်းသိမ်းကာကွယ်ရေးအတွက် မဟာဗျူဟာ၊ နှစ်တို/နှစ်ရှည်လုပ်ငန်းအစီအစဉ်များနှင့် လမ်းညွှန်ချက်များချမှတ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာ သင်ကြားရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်လမ်းညွှန်ခြင်း၊

(ထ) ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်ကြောင်း သို့မဟုတ် ထိုသို့ ပေါ်ပေါက်နိုင်ကြောင်းသိရှိလျှင် ယင်းသို့အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်း ထုတ်ပြန်ကြေညာ နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ချက်ချင်းတင်ပြခြင်းနှင့် လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ဒ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအငြင်းပွားမှုများ တစ်စုံတစ်ရာပေါ်ပေါက်လာခဲ့ပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဓ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(န) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သက်ဆိုင်သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ၊ စွန့်ပစ်ပစ္စည်းဆိုင်ရာ၊ အိုဇုန်းဆိုင်ရာ စသည့်အခြားသောကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံ အချင်းချင်းသဘောတူစာချုပ်များအရ ကတိကဝတ်များအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးလမ်းညွှန်ချက် များချမှတ်ခြင်း၊

( ပ ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

( ဖ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်တည်ထောင်နိုင်ရေးအတွက် လိုအပ်သည့်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများရေးဆွဲချမှတ်နိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

( ဗ ) ပြည်တွင်းပြည်ပမှအလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဘ ) မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်များအရ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ နှစ်တို/နှစ်ရှည်လုပ်ငန်းစီမံကိန်းရည်မှန်းချက်များနှင့် ဘဏ္ဍာရေးလျာထားချက်များတွင် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန်ညွှန်ကြားခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

( မ ) လိုအပ်သည့် ဗဟိုအဆင့်လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( ယ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်) တနင်္ဂနွေနေ့သည် “ဒီပါဝလီနေ့” ဖြစ်ပြီး အစိုးရရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် ခံစားခွင့်များ မနစ်နာစေရန် “ဒီပါဝလီနေ့” ရုံးပိတ်ရက်တစ်ရက်ကို တနင်္ဂနွေနေ့နောက် တနင်္လာနေ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်ဖြင့် အစားထိုးဖြည့်စွက်၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နှင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

**ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်  ။)**

၁၃၈၁ ခုနှစ်၊  လ  ရက်

(၂၀၁၉ ခုနှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်၌ ဤဥပဒေပါ သိသာထင်ရှားသော အမှတ်အသားများနှင့် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးပြုခြင်းအပါအဝင် နိုင်ငံတော်အတွင်း မည်သည့်နေရာ၌မဆို ဤဥပဒေတွင် ဖော်ပြထားသော အမှတ်အသားများ၊ အမည်နာမများ၊ အချက်ပြခြင်းများကို အသုံးပြုခြင်းနှင့် ယင်းတို့ကို အဆင်ဒီဇိုင်းအဖြစ်လည်းကောင်း၊ သက်သေခံကတ်ပြားများ၊ တူညီဝတ်စုံများတွင်လည်းကောင်း အသုံးပြုခြင်းနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကြက်ခြေနီအမှတ်အသား**ဆိုသည်မှာ အဖြူရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် အလျားနှင့်အနံအတိုင်းအတာ တူညီသော အောက်ပါ ကြက်ခြေနီအမှတ်အသားကို ဆိုသည်။



(ခ) **လခြမ်းနီအမှတ်အသား**ဆိုသည်မှာ အဖြူရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် လခြမ်းနီအမှတ်အသားပါရှိသော အောက်ပါအမှတ်အသားကို ဆိုသည်။



(ဂ) **ခရစ္စတယ်နီအမှတ်အသား**ဆိုသည်မှာ အဖြူရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် အနီရောင် ဘောင်ကွပ်ထားသော စတုရန်းပုံအမှတ်အသားသည် ယင်း၏ ထောင့်စွန်းပေါ်၌ ထောင်လျက်ရှိသည့် အောက်ပါအမှတ်အသားကို ဆိုသည်။



(ဃ) **ကြက်ခြေဖြူအမှတ်အသား**ဆိုသည်မှာ အနီရောင်အောက်ခံပေါ်ရှိ အလယ်နေရာတွင် အလျားနှင့် အနံ အတိုင်းအတာတူညီသော အောက်ပါအမှတ်အသားကို ဆိုသည်။



(င) **အကာအကွယ်ပေးသောအမှတ်အသား**ဆိုသည်မှာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ အကာအကွယ် ရရန်အလို့ငှာ အရပ်မျက်နှာအသီးသီးမှ ထင်ထင်ရှားရှားမြင်တွေ့နိုင်စေရန် အရွယ်အစား ကြီးမားစွာ ပြသထားသည့် ကြက်ခြေနီအမှတ်အသားကို ဆိုသည်။

(စ) **ဖော်ညွှန်းပြသသောအမှတ်အသား**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုသည် ကြက်ခြေနီလှုပ်ရှားမှုနှင့် ပတ်သက်ဆက်နွယ်မှုရှိကြောင်းသိရှိစေရန် အရွယ်အစားသေးငယ်စွာ ပြသထားသည့်ကြက်ခြေနီအမှတ်အသားကို ဆိုသည်။

(ဆ) **သီသာထင်ရှားသောအမှတ်အသား**ဆိုသည်မှာ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များအရ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုသည့်ကြက်ခြေနီအမှတ်အသား သို့မဟုတ် လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ္စတယ်နီ အမှတ်အသားကို ဆိုသည်။

(ဇ) **သီသာထင်ရှားသော အချက်ပြခြင်းများ**ဆိုသည်မှာ ဂျီနီဗာ သဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များအရ အကာအကွယ်ရရန်အလို့ငှာ ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့များနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်ဖြစ်ကြောင်း ဖော်ပြသည့် အပြာရောင်မီးအသုံးပြု၍ အချက်ပြခြင်း၊ ရေဒီယိုအသုံးပြု၍ အချက်ပြခြင်းနှင့် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသိသာစေနိုင်သည့် အီလက်ထရောနစ် နည်းလမ်းဖြင့် အချက်ပြခြင်း စသော ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက် များ၏ နောက်ဆက်တွဲသဘောတူညီချက်အမှတ် ၁၊ နောက်ဆက်တွဲ (၁) အခန်း (၃) တွင် ဖော်ပြထားသည့် အချက်ပြခြင်းများကို ဆိုသည်။

(ဈ) **အသုံးပြုခွင့်ရှိသူ**ဆိုသည်မှာ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသား၊ ယင်းတို့၏အမည်နာမများနှင့် သိသာထင်ရှားသော အချက်ပြခြင်းများကို သတ်မှတ်ချက်များနှင့်အညီ အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနနှင့် ကြက်ခြေနီ အသင်းတို့က ခွင့်ပြုထားသူကို ဆိုသည်။

(ည) **ဂျီနီဗာသဘောတူညီချက်များ (Geneva Conventions)** ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြု ပြဋ္ဌာန်းခဲ့သော အောက်ပါသဘောတူညီချက်များကို ဆိုသည် -

(၁) စစ်မြေပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ဒဏ်ရာရသူများနှင့် နာမကျန်းသူများ၏ အခြေအနေ ပိုမိုကောင်းမွန်ရေးဆိုင်ရာ ပထမ ဂျီနီဗာ သဘောတူညီချက်၊

(၂) ပင်လယ်ပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ဒဏ်ရာရသူများ၊ နာမကျန်းသူများနှင့် သင်္ဘော ပျက်ရာတွင် ပါဝင်သူများ၏ အခြေအနေ ပိုမိုကောင်းမွန်ရေးဆိုင်ရာ ဒုတိယ ဂျီနီဗာသဘော တူညီချက်၊

(၃) စစ်သုံ့ပန်းများအပေါ် ပြုမူဆက်ဆံခြင်းဆိုင်ရာ တတိယ ဂျီနီဗာသဘောတူညီချက်၊

(၄) စစ်မက်ကာလအတွင်း အရပ်သားများအား အကာအကွယ်ပေးခြင်းဆိုင်ရာ စတုတ္ထ ဂျီနီဗာ သဘောတူညီချက်။

(ဠ) နောက်ဆက်တွဲသဘောတူညီချက်များ (Protocols) ဆိုသည်မှာ ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲအဖြစ် ချုပ်ဆိုခဲ့သည့် အောက်ပါသဘောတူညီချက်များကို ဆိုသည် -

(၁) နောက်ဆက်တွဲသဘောတူညီချက် အမှတ် ၁ - ၁၉၇၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံတကာပါဝင်သော လက်နက်ကိုင်ပဋိပက္ခဒဏ် ခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက်၊

(၂) နောက်ဆက်တွဲသဘောတူညီချက် အမှတ် ၂ - ၁၉၇၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံတကာအရေးအခင်း မဟုတ်သော လက်နက်ကိုင် ပဋိပက္ခဒဏ်ခံရသူများအား အကာအကွယ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက်၊

(၃) နောက်ဆက်တွဲသဘောတူညီချက် အမှတ် ၃ - ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် သိသာထင်ရှားသော ထပ်တိုးအမှတ်အသား သတ်မှတ်ပြဋ္ဌာန်းခြင်းနှင့်သက်ဆိုင်သော နောက်ဆက်တွဲ သဘောတူညီချက်။

(ဍ) **ဆေးဘက်ဆိုင်ရာတပ်ဖွဲ့**ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော ကာကွယ်ရေး ဝန်ကြီးဌာန၏ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ကို ဆိုသည်။

(ဎ) **ဆေးဘက်ဆိုင်ရာအဖွဲ့**ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော နယ်ဘက်အဖွဲ့ကို ဆိုသည်။

(ဏ) **ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်**ဆိုသည်မှာ ဆေးဘက်ဆိုင်ရာတာဝန်ကို သီးသန့်ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ပညာသည်၊ ထမ်းစင်သယ်သူ၊ ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ် မောင်းနှင်သူအပါအဝင် ဆေးဘက်ဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်သူအားလုံးကို ဆိုသည်။

(တ) **ဆေးဘက်ဆိုင်ရာအဆောက်အအုံ**ဆိုသည်မှာ ဆေးဘက်ဆိုင်ရာ အကူအညီပေးရန်ပြုလုပ်ထားသော ယာယီ သို့မဟုတ် အမြဲတမ်း အဆောက်အအုံကို ဆိုသည်။

(ထ) **ဆေးဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်**ဆိုသည်မှာ နယ်ဘက်အဖွဲ့အစည်းနှင့် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ရှိ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ လူနာများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ဆိုသည်။

(ဒ) **အမည်နာမ**ဆိုသည်မှာ ကြက်ခြေနီ၊ လခြမ်းနီနှင့် ခရစ္စတယ်နီတို့ကို မည်သည့်ဘာသာစကားဖြင့် မဆို စာသားအသုံးပြုဖော်ပြခြင်းကို ဆိုသည်။

(ဓ) **ကြက်ခြေနီအခြေခံမူများ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူ ခုနစ်ချက်ဖြစ်သော လူသားချင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းတို့ကို ဆိုသည်။

(န) **သစ္စာမဲ့သောလုပ်ရပ်**ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ စည်းမျဉ်းများအရ ကာကွယ်စောင့်ရှောက်မှုကို ရရှိခွင့်ရှိသည့်အချက်ကို အသုံးချ၍ တစ်ဖက်သား၏ ယုံကြည်မှုကို လှည့်စားလုပ်ဆောင်သည့် လုပ်ရပ်ကို ဆိုသည်။

(ပ) **ညှိနှိုင်းရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကြက်ခြေနီအမှတ်အသားကို ဥပဒေနှင့်အညီ အသုံးပြုရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ကြက်ခြေနီအသင်း**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို လေးစားမှုရှိစေရန်နှင့် မှန်ကန်စွာအသုံးပြုစေရန်၊

(ခ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အလွဲသုံးမှုမဖြစ်စေရေးအတွက် တားဆီးကာကွယ်ရန်၊

(ဂ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြု ဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များနှင့်အညီ ဖြစ်စေရန်။

## အခန်း (၃)
## ကြက်ခြေနီအမှတ်အသားကို ဥပဒေနှင့်အညီ အသုံးပြုရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် အခြား သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ကြက်ခြေနီ အသင်း အထွေထွေအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော ကြက်ခြေနီ အမှတ်အသားကို ဥပဒေနှင့်အညီ အသုံးပြုရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ညှိနှိုင်းရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေကို အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများပေါ်ပေါက်ပါက သက်ဆိုင်သူ များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန်ဦးဆောင်လမ်းညွှန်ခြင်း၊

(ဃ) ဤဥပဒေကို အကောင်အထည်ဖော် ကျင့်သုံးမှုအား သုံးသပ်ခြင်းနှင့် ထိရောက်မှုရှိစေရန် နည်းလမ်း ချမှတ်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ညှိနှိုင်းရေးအဖွဲ့သည် လိုအပ်ပါက အထောက်အကူပြုနိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)

## ကြက်ခြေနီ အမှတ်အသားကို အကာအကွယ်ပေးသောအမှတ်အသားအဖြစ် အသုံးပြုခြင်း

၈။ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များအရ လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားသည့်အချိန်တွင် ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များကို အကာအကွယ် ပေးထားကြောင်း သိရှိစေရန်အလို့ငှာ အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ကြက်ခြေနီ အမှတ်အသားကို အရွယ်အစားကြီးမားစွာ တပ်ဆင်အသုံးပြုရမည်။

၉။ ကြက်ခြေနီ အမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုရာတွင် -

(က) ဆေးဘက်ဆိုင်ရာတပ်ဖွဲ့သည် ငြိမ်းချမ်းသည့်အချိန်နှင့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည့်အချိန် နှစ်မျိုးလုံးတွင် မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၌ ယင်း၏ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာအသုံးပြုရမည်။

(ခ) ဂျီနီဗာသဘောတူညီချက်များနှင့်အညီ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့အား အကူအညီပေးရန် ကာကွယ်ရေး ဝန်ကြီးဌာနက ခွင့်ပြုလျှင် တာဝန်ပေးထားသော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာအသုံးပြု နိုင်သည်။

(ဂ) ဆေးဘက်ဆိုင်ရာတပ်ဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ပုဒ်မခွဲ (ခ) အရ ကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ပုဂ္ဂိုလ်များသည် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော ကြက်ခြေနီ အမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ထားရမည့်အပြင် ကြက်ခြေနီအမှတ်အသား ပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့်တစ်ပါတည်း ယူဆောင်ထားရမည်။

(ဃ) ဝန်ကြီးဌာနသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒဏ်ရာရသူနှင့် နာမကျန်းဖြစ်သူများ၊ ပင်လယ်ပြင်၌ သင်္ဘောပျက်၍ ဒုက္ခရောက်သူများကို သယ်ယူပို့ဆောင်ပေးရန် သို့မဟုတ် ပြုစုစောင့်ရှောက်မှုပေးရန် တာဝန်ပေးထားသော အရပ်ဘက်မှ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးကုသရေးအဖွဲ့၊ ဆေးရုံ၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအား ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာအသုံးပြုခွင့်ပေးရမည်။ ယင်းသို့ အသုံးပြုခွင့်ပေးရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ကြက်ခြေနီအသင်းနှင့်လည်းကောင်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ တာဝန်ထမ်းဆောင်သူများသည် ဝန်ကြီးဌာနက ထုတ်ပေးသော ကြက်ခြေနီ အမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ရမည့်အပြင် ကြက်ခြေနီအမှတ်အသား ပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့်တစ်ပါတည်း ယူဆောင်ထားရမည်။

(စ) ကြက်ခြေနီအသင်းသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် ဆေးဘက်ဆိုင်ရာတပ်ဖွဲ့အား အကူအညီပေးရန် တာဝန်ပေးထားသော ကြက်ခြေနီအသင်း၏ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် ကြက်ခြေနီ အမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ တပ်ဆင်အသုံးပြုခွင့် ပေးရမည်။ ယင်းသို့ အသုံးပြုခွင့်ပေးရာတွင် ကြက်ခြေနီအသင်းသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) ပုဒ်မခွဲ (စ) အရ တာဝန်ထမ်းဆောင်သူသည် ကြက်ခြေနီအသင်းက ထုတ်ပေးသော ကြက်ခြေနီ အမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ရမည့်အပြင် ကြက်ခြေနီအမှတ်အသား ပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့်တစ်ပါတည်း ယူဆောင်ထားရမည်။

## အခန်း (၅)
## ကြက်ခြေနီ အမှတ်အသားကို ဖော်ညွှန်းပြသသောအမှတ်အသားအဖြစ် အသုံးပြုခြင်း

၁၀။ ကြက်ခြေနီအသင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ကြက်ခြေနီလှုပ်ရှားမှုနှင့် ပတ်သက်ဆက်နွှယ်မှုရှိကြောင်း ဖော်ညွှန်းပြသရာတွင် ကြက်ခြေနီ အမှတ်အသားကို လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကိုလိုက်၍ အချိုးကျ အရွယ်အစားသေးငယ်စွာ တပ်ဆင်အသုံးပြုရမည်။

၁၁။ ကြက်ခြေနီအသင်းသည် -

(က) ငြိမ်းချမ်းသည့်အချိန်နှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်နှစ်မျိုးလုံးတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုသည် ကြက်ခြေနီအသင်းနှင့် ဆက်နွှယ်မှုရှိကြောင်း ပြသရန်အလို့ငှာ ကြက်ခြေနီ အမှတ်အသားကို ကြက်ခြေနီအသင်း၏အမည် သို့မဟုတ် ကြက်ခြေနီအသင်းအမည်၏ အတိုကောက်စာလုံး ပါဝင်စေလျက် လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကိုလိုက်၍ အချိုးကျ အရွယ်အစားသေးငယ်စွာ အသုံးပြုရန် ခွင့်ပြုခြင်း၊

( ခ ) ငြိမ်းချမ်းသည့်အချိန်တွင် ဒဏ်ရာရသူနှင့် ဖျားနာသူများကို အခမဲ့ပြုစုကုသမှုပေးရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်တာဝန်ပေးထားသည့် သူနာတင်ယာဉ်အဖြစ် အသုံးပြုသောယာဉ်ကို ခွဲခြားသိရှိနိုင်ရန် လည်းကောင်း၊ အကူအညီပေးရေးစခန်းကို အမှတ်အသားပြုနိုင်ရန်လည်းကောင်း အချိန်အကန့်အသတ် တစ်ခုအတွက် ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန် ခြွင်းချက်အဖြစ် ခွင့်ပြုခြင်း။

၁၂။ ကြက်ခြေနီအသင်းသည် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် သဘာဝဘေးဒဏ်ခံရသူများကို ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ဆောင်ရွက်ရာ၌ ကြက်ခြေနီ အမှတ်အသားကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် ပုဒ်မ ၁၀ နှင့်အညီ အရွယ်အစားသေးငယ်စွာ တပ်ဆင်အသုံးပြုရမည်။ ထိုသို့ အသုံးပြုသည့်အခါ ကြက်ခြေနီအမှတ်အသားနှင့်အတူ ကြက်ခြေနီအသင်း၏ အမည် သို့မဟုတ် ကြက်ခြေနီအသင်းအမည်၏ အတိုကောက်စာလုံး ပါဝင်စေလျက် အသုံးပြုရမည်။

၁၃။ မြန်မာနိုင်ငံ ပိုင်နက်နယ်နိမိတ်အတွင်းတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လာရောက် ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများမှ အမျိုးသားကြက်ခြေနီအသင်းများသည် ကြက်ခြေနီအသင်း၏ သဘောတူညီမှုဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ယင်းတို့၏ ကြက်ခြေနီအမှတ်အသားပါရှိသည့် အသင်းတံဆိပ်ကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခွင့်ရှိသည်။

## အခန်း (၆)
## လခြမ်းနီအမှတ်အသားနှင့် ခရစ္စတယ်နီအမှတ်အသားကို အသုံးပြုခြင်း

၁၄။ မြန်မာနိုင်ငံ ပိုင်နက်နယ်နိမိတ်အတွင်းတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လာရောက် ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများမှ အမျိုးသား လခြမ်းနီ သို့မဟုတ် ခရစ္စတယ်နီ အသင်းများသည် ကြက်ခြေနီအသင်း၏ သဘောတူညီမှုဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ယင်းတို့၏ လခြမ်းနီ အမှတ်အသား သို့မဟုတ် ခရစ္စတယ်နီအမှတ်အသားပါရှိသည့် အသင်းတံဆိပ်ကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခွင့်ရှိသည်။

## အခန်း (၇)
## နိုင်ငံတကာအဖွဲ့အစည်းများက အသုံးပြုခြင်း

၁၅။ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် ယင်းတို့က အခွင့်အာဏာပေးထားသော ပုဂ္ဂိုလ်တို့သည် မည်သည့်အချိန်တွင်မဆို ယင်းတို့၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ငန်းများအားလုံးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်

အလို့ငှာ သိသာထင်ရှားသော အမှတ်အသားများကိုလည်းကောင်း၊ ကြက်ခြေနီ အမှတ်အသား သို့မဟုတ် ကြက်ခြေနီ အမှတ်အသားနှင့် လခြမ်းနီ အမှတ်အသားတို့ ပါရှိသော ယင်းတို့၏ အဖွဲ့အစည်းတံဆိပ်ကို လည်းကောင်း အသုံးပြုနိုင်သည်။

## အခန်း (၈)
## ကြက်ခြေနီအသင်း၏ တာဝန်

၁၆။ ကြက်ခြေနီအသင်း၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများအား အသုံးပြုမှုကို စောင့်ကြည့်လေ့လာခြင်း၊

(ခ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများအား အလွဲသုံးမှုအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၏ အကူအညီ ရယူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို လေးစားစေရေးနှင့် ယင်းတို့ကို အသုံးပြုရာတွင် ဤဥပဒေနှင့်အညီ အသုံးပြု စေရေးတို့အတွက် အများပြည်သူကို အသိပညာပေးခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ကြက်ခြေနီအသင်းက အသုံးပြုသော ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြု ဆောင်ရွက်မှုများသည် အပြည်ပြည် ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရန် ကြီးကြပ်ခြင်း၊

(င) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ကြက်ခြေနီ အခြေခံမူများနှင့် မဆန့်ကျင်စေဘဲ ထမ်းဆောင်ခြင်း။

## အခန်း (၉)
## တားမြစ်ချက်များ

၁၇။ မည်သူမျှ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့်အချိန်တွင် သိသာထင်ရှားသောအမှတ်အသား သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးပြု၍ သစ္စာမဲ့သောလုပ်ရပ်ကို ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန် အမိန့်ပေးခြင်း မပြုရ။

၁၈။ အသုံးပြုခွင့်ရှိသူ မည်သူမှအပ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသား၊ ယင်းတို့၏အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို ဤဥပဒေပါ ရည်ရွယ်ချက် သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသည့်ကိစ္စရပ်တွင် အသုံးမပြုရ။

၁၉။ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား သို့မဟုတ် ယင်းတို့၏ အမည်နာမကိုဖြစ်စေ၊ ကြက်ခြေနီအမှတ်အသား သို့မဟုတ် လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ္စတယ်နီအမှတ်အသားကို တုပ၍ဖြစ်စေ၊ ယင်းတို့၏ အမည်နာမကို မည်သည့်ဘာသာ စကားဖြင့်မဆို ဘာသာပြန်ဆို၍ဖြစ်စေ အသုံးပြုနေသောသူများသည် ဤဥပဒေပြဋ္ဌာန်းပြီးချိန်မှစ၍ ဆက်လက်အသုံးမပြုရ။

၂၀။ ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီ အမှတ်အသား သို့မဟုတ် ယင်းတို့၏ အမည်နာမကို တုပ၍ဖြစ်စေ၊ မည်သည့်ဘာသာစကားဖြင့်မဆို

ဘာသာပြန်ဆို၍ ဖြစ်စေ အသုံးပြုနေသောသူများသည် မိမိတို့၏ ကုန်ပစ္စည်းများကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းရမည်၊

၂၁။ အသုံးပြုခွင့်ရှိသူမှအပ မည်သူမျှ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ ယင်းတို့၏ အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးမပြုရ၊

၂၂။ မည်သူမျှ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ ယင်းတို့၏ အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများနှင့် ခွဲခြားမရအောင် တူညီသော၊ မှားယွင်းနိုင်သော သို့မဟုတ် ဆင်တူယိုမှားဖြစ်စေနိုင်သော အဆင်ဒီဇိုင်းကိုဖြစ်စေ သို့မဟုတ် ပုံသဏ္ဌာန် အချက်ပြခြင်းကိုဖြစ်စေ၊ အမှတ်အသားကိုဖြစ်စေ၊ စကားလုံးကိုဖြစ်စေ အသုံးမပြုရ၊

၂၃။ မည်သူမျှ ကြက်ခြေနီအမှတ်အသားကို မည်သည့်ရည်ရွယ်ချက်နှင့်မျှ အသုံးမပြုရ။

## အခန်း (၁၀)
## ပြစ်မှု ပြစ်ဒဏ်များ

၂၄။ မည်သူမဆို

(က) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအများအား အပြင်းအထန် နာကျင်စေလျှင် ထိုသူကို နှစ် ၂၀ ထောင်ဒဏ်ချမှတ်ရမည်။

(ဂ) ပုဒ်မ ၁၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအများအား သေစေလျှင် ထိုသူအား သေဒဏ်ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၈၊ ၁၉၊ ၂၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် နှစ်သိန်း မှ အများဆုံး ကျပ် ဆယ်သိန်း ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသိန်း မှ အများဆုံး ကျပ် ဆယ်သိန်း ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် နှစ်သိန်း မှ အများဆုံး ကျပ် ငါးသိန်း ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သိန်း မှ အများဆုံး ကျပ် သုံးသိန်း ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၂၉။ ဝန်ကြီးဌာနသည် ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲသဘောတူညီချက်များတွင် သတ်မှတ်ထားသည့် သိသာထင်ရှားသော အမှတ်အသားများ အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူက သိရှိလိုက်နာစေရေးအတွက် အသိပညာပေးရန်နှင့် ယင်းအမှတ်အသားများကို အလွဲသုံးစား ပြုခြင်းမှ ကြိုတင်ကာကွယ်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃၀။ ကာကွယ်ရေးဝန်ကြီးဌာနသည် ဂျီနီဗာ သဘောတူညီချက်များနှင့် နောက်ဆက်တွဲသဘောတူညီချက်များတွင် သတ်မှတ်ထားသည့် သိသာထင်ရှားသော အမှတ်အသားများ အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်နှင့် ယင်းတို့၏ လက်အောက်ရှိတပ်ဖွဲ့များက သိရှိလိုက်နာစေရေးအတွက် အသိပညာပေးရန်နှင့် ယင်းအမှတ်အသားများကို အလွဲသုံးစားပြုခြင်းမှ ကြိုတင်ကာကွယ်ရန် သင့်လျော်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် ညှိနှိုင်းရေးအဖွဲ့၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၃၂။ ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန် မသင့်လျော်သော အခြေအနေတစ်ရပ်ရပ်၌ ကြက်ခြေနီအသင်းသည် ကြက်ခြေနီအမှတ်အသားအစား ခရစ္စတယ်နီအမှတ်အသားကို ဂျီနီဗာ သဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ ယာယီအသုံးပြုနိုင်သည်။ ယင်းသို့ အသုံးပြုခြင်းသည် ယာယီမျှသာဖြစ်ပြီး သင့်လျော်သော အချိန်ကာလကုန်ဆုံးလျှင် ယင်းအသုံးပြုခြင်းကို ရပ်စဲရမည်။

၃၃။ ဤဥပဒေပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၄။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနနှင့် ကြက်ခြေနီအသင်းတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၆။ The Geneva Convention Implementing Act (India Act XIV, 1936) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

၁။ ဤဥပဒေကို **မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည် -

"(က) **ဆေးပညာ**ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့် စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဠ) နှင့် (ဥ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဠ) **သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော အခြေခံဆေးပညာဘွဲ့ရရှိသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဥ) **သီးခြားသတ်မှတ်အထူးဆေးကုသခွင့်လိုင်စင်**ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီသို့မဟုတ် ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသောဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။"

၃။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင်နှစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။"

၄။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) နာယကအဖွဲ့သည် ကောင်စီကို ၇၅ ဦးထက်မပိုသော အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

(ခ) ပုဒ်မခွဲ (က) ၏နောက်တွင် ပုဒ်မခွဲ (က-၃)၊ (က-၁၀) နှင့် (က-၁၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က - ၃) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။

(က-၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ။

(က-၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရှိသော အငြိမ်းစားဆရာဝန်ကြီး ၁၅ ဦး။"

၅။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၆ တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည် -

"(ဂ) နာယကအဖွဲ့သည် ကောင်စီက ကျင်းပပြုလုပ်သော အစည်းအဝေးများတွင် တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များပေးခြင်း ပြုနိုင်သည်။"

၆။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က-၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က-၃) ကောင်စီဝင် (၁၆) ဦး -------- အဖွဲ့ဝင်များ"

၇။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။"

၈။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ အခန်း (၅) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၅) နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များ"

၉။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။"

၁၀။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း"

၁၁။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) ကို အောက်ပါအတိုင်း ပုဒ်မခွဲ (ခ) အနေဖြင့် ပေါင်းစည်းရမည် -

"(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာန၊ ငွေစာရင်းဌာန၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ။"

၁၂။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၃၀ ကို အောက်ပါအတိုင်း ထပ်မံပြင်ဆင်ဖြည့်စွက်ရမည် -

"၃၀။ ကောင်စီသည် -

(က) မှတ်ပုံတင်ဆရာဝန် တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊

(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

(ခ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံရသော ဆရာဝန်တစ်ဦးဦးသည် -

(၁) ပေါ်ပေါက်ခဲ့သော အခြေအနေများမှ ပြန်လည်ပြုပြင်ပြီးပြီဟု ခံယူပါက ကောင်စီသို့ ဆရာဝန်မှတ်ပုံတင်ရရှိရန် ပြန်လည်လျှောက်ထားနိုင်သည်။

(၂) ကောင်စီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၊ စစ်ဆေး၊ သုံးသပ်ပြီး ဆရာဝန်မှတ်ပုံတင် ပြန်လည်ထုတ်ပေးခြင်းနှင့် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၁၃။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ အခြေခံဆေးပညာဘွဲ့နှင့် အလားတူ ဆေးပညာဘွဲ့ရ နိုင်ငံခြားသားဆရာဝန်သည် သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထား ရမည်။"

၁၄။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၆။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ နိုင်ငံခြားသား အထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားရမည်။

၁၆။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၀။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

## မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ
# (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရဖြစ်စေ မြေတစ်ရပ်ကို အများပြည်သူအကျိုးအလို့ငှာ အမြဲတမ်း သို့မဟုတ် ယာယီ လိုအပ်မှုအပါအဝင် မြေကိုလိုအပ်သမျှ အသုံးပြုမှု၊ လက်ဝယ်ထိန်းသိမ်းထားမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများ အတွက် မြေသိမ်းဆည်းခြင်း၊ လျော်ကြေး၊ နစ်နာကြေးငွေပေးအပ်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လူမှု စီးပွားရေးဘဝပြန်လည်ထူထောင်ခြင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်စေရမည်။ ထို့အပြင် အောက်ပါကိစ္စရပ် များနှင့်လည်း အကျုံးဝင်သက်ဆိုင်စေရမည် -

(က) နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် မြေလိုအပ်မှုများ၊

(ခ) အမျိုးသားစီးပွားရေးမူဝါဒအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများ၊

(ဂ) အမျိုးသားစီမံကိန်းဥပဒေပါ လူမှုစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊

(ဃ) မြို့ပြနှင့်ကျေးရွာတိုးချဲ့တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊

(င) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းကိစ္စရပ်များ၊

(စ) လယ်ယာမြေ သိမ်းဆည်းခြင်းအတွက် လယ်ယာမြေဥပဒေအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြန်လည်ရယူခြင်းအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေအရလည်းကောင်း လျော်ကြေးနှင့်နစ်နာကြေးများပေးဆောင်ခြင်းတို့မှအပ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ မြေသိမ်းဆည်းသည့်ကိစ္စရပ်များ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **မြေ**ဆိုသည်မှာ မြေနှင့်မြေမှထွက်ပေါ်သော အကျိုးအမြတ်များ၊ မြေတွင်စွဲကပ်နေသော အရာဝတ္ထုများ သို့မဟုတ် မြေတွင်စွဲကပ်နေသောအရာတစ်ခုခု၌ ထာဝရတွယ်ကပ်ထားသည့် အရာဝတ္ထုများကို ဆိုသည်။

(ခ) **အိမ်ထောင်သားစု**ဆိုသည်မှာ သွေးသားတော်စပ်၍ဖြစ်စေ၊ အိမ်ထောင်မှုဖြင့် တော်စပ်၍ဖြစ်စေ အတူတကွ နေထိုင်လျက်ရှိသော မိသားစုကို ဆိုသည်။

(ဂ) **မြေပိုင်ဆိုင်ခွင့်ရှိသူ**ဆိုသည်မှာ မြေသိမ်းဆည်းခြင်းပြုသည့်အတွက် ထိခိုက်နစ်နာမှုရှိသဖြင့် လျော်ကြေး၊ နစ်နာကြေးနှင့် ဤဥပဒေအရပေးအပ်သော အခြားအခွင့်အရေးများကို တောင်းဆိုခွင့်

ရှိပြီး မြေကိုခိုင်လုံသောအထောက်အထားဖြင့် ပိုင်ဆိုင်သူနှင့် ၎င်း၏အိမ်ထောင်သားစုတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ထိခိုက်နစ်နာမှုရှိသော အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည် -

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သည့် မြေယာမှတ်တမ်းများတွင် မြေ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်း၏ပိုင်ရှင်ဖြစ်ကြောင်း၊ လက်ဝယ်ထား ပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အသုံးပြုခွင့်ရသူဖြစ်ကြောင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ဖြစ်ကြောင်း တရားဝင်မှတ်တမ်းတင်ထားသူ၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေရရှိသူ သို့မဟုတ် ပိုင်ဆိုင်ခွင့်ရရှိသူ၊

(၃) တရားရုံး၏အမိန့်ဖြင့်ဖြစ်စေ၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အမိန့်ဖြင့်ဖြစ်စေ မြေပိုင်ဆိုင်သူဖြစ်ကြောင်း ကြေညာခြင်းခံရသူ သို့မဟုတ် စာရင်းသွင်း ခံရသူ၊

(၄) တရားဝင်မှတ်တမ်း အထောက်အထားမရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ ထုံးတမ်း စဉ်လာများနှင့်အညီ ပိုင်ဆိုင်သည်ဟု ဒေသခံအစုအဖွဲ့က လက်ခံထားသည့်အပေါ် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အသိအမှတ်ပြုခြင်းခံရသူ။

(ဃ) **မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း**ဆိုသည်မှာ မြေကို အများပြည်သူ အကျိုး အလို့ငှာ အသုံးပြုရေးအတွက် ဤဥပဒေအရ သိမ်းဆည်းရန်အဆိုပြုသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(င) **မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်းအသိပေးသည့် အမိန့်ကြော်ငြာစာ**ဆိုသည်မှာ မြေတစ်ရပ်ရပ်ကိုသိမ်းဆည်းရန် ရည်ရွယ်ကြောင်းကိုလည်းကောင်း၊ အများပြည်သူသို့ ကန့်ကွက် နိုင်ရန်နှင့် ရပိုင်ခွင့်များ တောင်းဆိုနိုင်ရန်လည်းကောင်း၊ မြေသိမ်းဆည်းရေး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ရန်လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးသည့် အမိန့်ကြော်ငြာစာကို ဆိုသည်။

(စ) **မြေကိုသိမ်းယူမည်ဖြစ်ကြောင်းအမိန့်ကြော်ငြာစာ**ဆိုသည်မှာ မြေကိုသိမ်းယူရန် ပဏာမ စစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေး ကြေညာခြင်းကို ဆိုသည်။

(ဆ) **မြေကိုလက်ရောက်သိမ်းဆည်းခြင်း**ဆိုသည်မှာ သာမန်အားဖြင့် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ အဆိုပြုသည့် မြေအား ကွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်ဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ လက်ရောက်ရယူခြင်းကို ဆိုသည်။

(ဇ) **အများပြည်သူအကျိုးအလို့ငှာ**ဆိုသည်မှာ ပုဒ်မ ၂ ပါ ဤဥပဒေနှင့် သက်ဆိုင်အကျုံးဝင်သည့် ကိစ္စများတွင် အများပြည်သူအကျိုးစီးပွားအတွက်ရည်ရွယ်၍ အနည်းဆုံးလိုအပ်သမျှမြေကိုသာ မြေသိမ်းဆည်းသည့်ကိစ္စ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဈ) **တရားရုံး**ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး တရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော်နှင့် ခရိုင်အဆင့်စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးကို ဆိုသည်။

(ည) **ထိခိုက်နစ်နာမှု**ဆိုရာတွင် မြေကိုသိမ်းဆည်းသည့်အတွက် အောက်ပါအကျိုးစီးပွားတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ထိခိုက်နစ်နာမှုနှင့် ဆုံးရှုံးမှုတို့ပါဝင်သည် -

(၁) သိမ်းဆည်းခြင်းခံရသည့် မြေ သို့မဟုတ် မြေပေါ်ရှိ လူနေအိမ်ရာနှင့် အခြားမရွှေ့မပြောင်း နိုင်သော ပစ္စည်းကို လက်လွှတ်ဆုံးရှုံးခြင်း၊

(၂) အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသော မြေ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆုံးရှုံးရခြင်း၊

(၃) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားရှိသော သိမ်းဆည်းသည့်မြေကို အကြောင်းပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စားဝတ်နေရေးထိခိုက်နစ်နာရခြင်း။

(ဠ) **သိမ်းဆည်းမြေတွင် ဆက်နွယ်ပတ်သက်သူ**ဆိုရာတွင် မြေကိုသိမ်းဆည်းသည့်အတွက် ထိုမြေနှင့် ဆက်နွယ်၍ ထိခိုက်နစ်နာမှုရှိသော အောက်ပါပုဂ္ဂိုလ်များပါဝင်သည် -

(၁) သီးစားလုပ်ကိုင်သူ၊

(၂) ငှားရမ်း၍ လုပ်ကိုင်သူ၊

(၃) ဖက်စပ်လုပ်ကိုင်သူနှင့် အကျိုးတူလုပ်ကိုင်သူ၊

(၄) မြေကို တရားဝင်ပိုင်ဆိုင်မှုမရှိသော်လည်း သိမ်းဆည်းသည့်မြေပေါ်တွင် သိမ်းဆည်းခြင်း မပြုမီ အနည်းဆုံး ၁၂ နှစ် တစ်ဆက်တစ်စပ်တည်း လက်ဝယ်ထားရှိလုပ်ကိုင်သူအဖြစ်ဖြစ်စေ၊ အမှန်တကယ် လယ်ယာလုပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ လက်ခစားအဖြစ်ဖြင့်ဖြစ်စေ လုပ်ကိုင်လျက်ရှိသူ။

(ဍ) **ထိခိုက်နစ်နာသူ**ဆိုသည်မှာ မြေကို သိမ်းဆည်းသည့်အတွက် ထိခိုက်နစ်နာမှုရှိသော မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် သိမ်းဆည်းမြေတွင် ဆက်နွယ်ပတ်သက်သူတို့ကို ဆိုသည်။

(ဎ) **အဆောတလျင်မြေသိမ်းဆည်းခြင်း**ဆိုသည်မှာ အရေးပေါ်ဖြစ်ပေါ်လာသည့်ကိစ္စတစ်ရပ်ရပ် အပေါ်အခြေခံ၍ အများပြည်သူအကျိုးအလို့ငှာ မလွှဲမရှောင်သာသော အခြေအနေတစ်ရပ်ရပ်တွင် အလျင်အမြန် မြေသိမ်းဆည်းခြင်းကို ဆိုသည်။

(ဏ) **ယာယီမြေသိမ်းဆည်းခြင်း**ဆိုသည်မှာ မြေကို ရေရှည်အသုံးချရန် မရည်ရွယ်ဘဲ ငါးနှစ်ထက် မပိုစေဘဲ ထိုကာလတစ်ခုအတွင်း အများပြည်သူအကျိုးအလို့ငှာ ယာယီအသုံးပြုရန်အတွက်သာ သိမ်းဆည်းခြင်းကို ဆိုသည်။

(တ) **မြေသိမ်းဆည်းမှုကုန်ကျစရိတ်**ဆိုရာတွင် မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းအတွက် ဆောင်ရွက် ရာ၌ ကုန်ကျသော အောက်ပါစရိတ်ငွေများ ပါဝင်သည် -

(၁) လျော်ကြေးနှင့် နစ်နာကြေးများ၊

(၂) မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းကို ညှိနှိုင်း သဘောတူညီချက်အရ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းပြုရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်များအပါအဝင် အထွေထွေကုန်ကျစရိတ်များ၊

(၃) အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေးကုန်ကျစရိတ်များ။

(ထ) **လျော်ကြေး (Compensation)** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းရာတွင် သိမ်းဆည်းသည့် မြေနှင့် မြေပေါ်ရှိ အဆောက်အအုံနှင့် အခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ သီးပင်စားပင် များအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူအား ပေးလျော်ရသည့် လျော်ကြေးငွေကို ဆိုသည်။

(ဒ) **နစ်နာကြေး (Damage)** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းကြောင့် အောက်ပါ ထိခိုက် နစ်နာဆုံးရှုံးမှုအတွက် ထိခိုက်နစ်နာသူတို့အား ပေးလျော်ရသည့် ငွေကြေးကို ဆိုသည် -

(၁) ပြန်လည်နေရာချထားခြင်းမပြုမီ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ နေရေးထိုင်ရေးနှင့် စားသောက်ရေး အတွက် ကုန်ကျစရိတ်များရှိခြင်း၊

(၂) အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များ ရပ်ဆိုင်းသွားသည့်အတွက် ဝင်ငွေ ဆုံးရှုံးခြင်း၊

(၃) မြေသိမ်းဆည်းခြင်းအတွက် မြေတိုင်းတာခြင်း၊ အမှတ်အသားများစိုက်ထူခြင်းနှင့် အတား အဆီးများ ရှင်းလင်းဖယ်ရှားခြင်းတို့ပြုရာတွင် အဆောက်အအုံများနှင့် သီးပင်စားပင်များ ပျက်စီးဆုံးရှုံးခြင်း။

(ဒ) **ရွှေ့ပြောင်းနေရာချထားစရိတ်**ဆိုရာတွင် သိမ်းဆည်းခြင်းခံရသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားရသော ကုန်ကျစရိတ်များနှင့် ရွှေ့ပြောင်းသည့်နေရာ၌ နေထိုင်ရန်အတွက် ထောက်ပံ့မှုများ ပါဝင်သည်။

(ဓ) **ပြန်လည်နေရာချထားခြင်း**ဆိုသည်မှာ သိမ်းဆည်းမြေပေါ်မှ ရွှေ့ပြောင်းခံရသည့် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ဤဥပဒေ အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် အခွင့်အရေး တစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် လူနေအိမ်အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ စီစဉ်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(န) **ပြန်လည်ထူထောင်ခြင်း**ဆိုရာတွင် မြေသိမ်းဆည်းခံရမှုကြောင့် အကျိုးစီးပွားထိခိုက်နစ်နာသူများအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ဤဥပဒေအခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ယာယီဘဝရပ်တည်မှုကုန်ကျစရိတ်များ၊ လူမှုရေးပံ့ပိုးမှုလုပ်ငန်းစဉ်များစသည့် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင်ပေးသည့် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသောမြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဖ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဗ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေအလို့ငှာ တာဝန်ခံဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဘ) **မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့** ဆိုသည်မှာ မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါ မြေသိမ်းဆည်းမှုလုပ်ငန်းအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော်မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကို ဆိုသည်။

(မ) **ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့** ဆိုသည်မှာ မြေပိုင်ဆိုင်ခွင့်ရှိသူအား ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို တာဝန်ခံ၍ ဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကိုဆိုသည်။

(ယ) မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ ဆိုသည်မှာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဤဥပဒေအရ မြေသိမ်းဆည်းရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးရန် ဖွဲ့စည်းပေးသော အဖွဲ့ခွဲကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော အမျိုးသားမြေအသုံးချမှုမူဝါဒများကို အခြေခံပြီး အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) အများပြည်သူ အကျိုးအလို့ငှာ ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းဖြင့် မြေသိမ်းဆည်းခြင်းခံရသူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) မြေသိမ်းဆည်းခြင်းပြုရာတွင် ထိခိုက်နစ်နာသူများနှင့် ဒေသခံပြည်သူများပါဝင်သော လုပ်ငန်းစဉ်များဖြင့် ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ထိခိုက်နစ်နာသူတို့အတွက် တရားမျှတသည့် လျော်ကြေးနှင့်နစ်နာကြေးများ ခံစားရရှိစေရန်၊

(င) မြေသိမ်းဆည်းရာတွင် မြေစွန့်လွှတ် ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ခံစားခွင့် အခွင့်အရေးတစ်ရပ်ရပ်ကို ရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် ပြန်လည်နေရာချထားပေးခြင်း သို့မဟုတ် လူမှုစီးပွားရေးဘဝကို ပြန်လည်ထူထောင်ပေးခြင်းတို့ ပြုနိုင်ရန်၊

(စ) မြေကို သိမ်းဆည်းပြီးအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်။

## အခန်း (၃)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနဝန်ကြီးများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ် ပါဝင်စေလျက် ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များထဲမှ သင့်လျော်သောပုဂ္ဂိုလ်တစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ မူဝါဒချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ခ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ နေပြည်တော်ကောင်စီကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ မြေသိမ်းဆည်းရေးအတွက် တင်ပြလာသည့် အဆိုပြုတင်ပြချက်များအပေါ် စိစစ်ပြီး မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊

(ဂ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာသည့် မြေသိမ်းဆည်းရန် သင့် မသင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်ခွင့်ရှိသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(င) မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းများတွင် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်ခွင့်ရှိသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်စေလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် နေပြည်တော် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များနှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့တို့ကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) အများပြည်သူအကျိုးအလို့ငှာ အဆောတလျင် မြေသိမ်းဆည်းခြင်းနှင့် ယာယီမြေသိမ်းဆည်းခြင်းတို့အတွက် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း၊

(ဇ) မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရေး၊ တာဝန်ခံမှုနှင့်တာဝန်ယူမှုရှိစေရေး၊ အဂတိလိုက်စားမှုနှင့် လုပ်ပိုင်ခွင့် အလွဲသုံးစားမှုများ မဖြစ်စေရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

## အခန်း (၄)

## မြေသိမ်းဆည်းရန် အဆိုပြုခြင်း၊ စိစစ်ခြင်းနှင့် ပဏာမစုံစမ်းစစ်ဆေးခြင်း

၇။ ဤဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းပြုပေးရန် အောက်ပါအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းတို့သည် အဆိုပြုတင်ပြနိုင်သည် -

(က) ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့။

၈။ မြေတစ်ရပ်ရပ်ကို အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန် လိုအပ်သည့် ပုဒ်မ ၇ ပါ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဗဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာ တင်ပြရမည်။

(က) မြေသိမ်းဆည်းရန်အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းတို့ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊

(ခ) ဖက်စပ်ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်နှင့်အများပြည်သူအတွက် ပြည်တွင်းပြည်ပမှ ထောက်ပံ့ကူညီလှူဒါန်းသည့် အစီအစဉ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း။

၉။ အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းပေးရန် တင်ပြသည့် အဆိုပြုလွှာတွင် အောက်ပါအထောက်အထားများ ပူးတွဲပါရှိစေရမည် -

(က) အဆိုပြုတင်ပြသူ သို့မဟုတ် အဆိုပြုရန် တာဝန်ပေးအပ်ခံရသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာ၊

(ခ) အလိုရှိသည့်မြေနှင့် သက်ဆိုင်သည့် မြေပုံနှင့် မြေရာဇဝင်မှတ်တမ်း၊ မြေတိုင်းတာပြီးစီးခြင်းမရှိပါက မြေပုံကြမ်း၊ တည်နေရာနှင့် ခန့်မှန်းဧရိယာ၊

(ဂ) မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် အလိုရှိသည့် အကြောင်းရင်းဖော်ပြချက်နှင့် မြေအသုံးချမည့် လျာထားချက်ပုံစံ၊

(ဃ) အလိုရှိသည့် မြေပေါ်တွင် ဘာသာရေးအဆောက်အအုံများ၊ အများပြည်သူဆိုင်ရာ သုသာန်မြေနှင့် သချိုင်းဂူများ ပါဝင်မှုရှိ မရှိနှင့် ပါရှိပါက ယင်းနေရာကို ချန်လှပ်ထားရေးအပေါ် သဘောထား တင်ပြချက်၊ ချန်လှပ်ခြင်းမရှိဘဲ သိမ်းဆည်းလိုပါက သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်နှင့် ညှိနှိုင်း သဘောတူညီချက်နှင့် ရွှေ့ပြောင်းနေရာချထားစရိတ် အပါအဝင် အခြားကုန်ကျစရိတ်အတွက် တာဝန်ယူကြောင်း ကတိခံဝန်ချက်၊

(င) အလိုရှိသည့်မြေတွင် လုပ်ဆောင်မည့် လုပ်ငန်းတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုလုပ်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုစီးပွားရေး ထိခိုက်မှုဆန်းစစ်ချက်၊

(စ) အလိုရှိသည့်မြေရှိ မြေပိုင်ဆိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်း၍ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့်အဆိုပြုချက်၊

(ဆ) မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်အရပ်ရပ်အတွက် ဆောင်ရွက်ရာတွင် ကုန်ကျမည့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စအတွက် အဆိုပြုတင်ပြသူက တာဝန်ယူကြောင်း ဝန်ခံကတိပြုလွှာ၊

(ဇ) အဆောတလျင် မြေသိမ်းဆည်းခြင်း သို့မဟုတ် ယာယီမြေသိမ်းဆည်းပေးခြင်းပြုရန် လိုအပ်လျှင် လုံလောက်သော အကျိုးအကြောင်းဖော်ပြချက်၊

(ဈ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏အုပ်ချုပ်မှုဆိုင်ရာ သဘောတူညီချက်။

၁၀။ ဗဟိုကော်မတီသည် မြေကိုအလိုရှိကြောင်းတင်ပြသည့် အဆိုပြုလွှာကိုစိစစ်ပြီး မြေပြင်ကွင်းဆင်း စစ်ဆေးစေရန်နှင့် မြေသိမ်းဆည်းရန် သင့် မသင့် သဘောထားမှတ်ချက်တင်ပြရန် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အဆိုပြုလွှာနှင့်အတူ အကြောင်း ကြားစာ ပေးပို့ရမည့်အပြင် ထိုအကြောင်းကြားစာမိတ္တူကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၁။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ ဗဟိုကော်မတီက အကြောင်းကြားလာသည့်အခါ မြေကိုအလိုရှိကြောင်း တင်ပြသည့်အဆို ပြုချက်ကို စိစစ်ပြီး ပုဒ်မ ၉ ပါ အချက်များ ပြည့်စုံစွာဖော်ပြပါရှိပါက အောက်ပါကိစ္စများကို သတ်မှတ်ချက် များနှင့်အညီ အစီအစဉ်များ ချမှတ်၍ ဆောင်ရွက်ရမည် -

(က) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့်အဆိုပြုမှုအပေါ် အများပြည်သူ ရှင်းလင်းစွာ သဘောပေါက်သိရှိရေးအတွက် ဒေသခံပြည်သူများနှင့် ဆွေးနွေးခြင်း၊ သဘောထားရယူခြင်း၊ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါဝင်စေခြင်း၊

(ခ) သိမ်းဆည်းရန် ရည်ရွယ်သည့်မြေနေရာရှိ ထိခိုက်နစ်နာသူများ၏ လူမှုစီးပွားရေးဘဝ ထိခိုက် နစ်နာမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုအလားအလာများအပေါ် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်များကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ဂ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်းတို့အတွက် လျာထားချက်များကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်နှင့် ထိခိုက်နစ်နာသူများ၏ လိုလားချက်များအပေါ် အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အဆိုပြုသည့် မြေသိမ်းဆည်းမှုသည် နိုင်ငံတော်၏အကျိုး အများပြည်သူအကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေ ရှိ မရှိ၊

(င) အဆိုပြုလွှာတွင် ပူးတွဲပါရှိသည့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းအစီအမံများ ပြည့်စုံလုံလောက်မှုအခြေအနေ၊

(စ) ဌာနဆိုင်ရာနှင့် ပြင်ပကျွမ်းကျင်ပညာရှင်များ၏ သဘောထားမှတ်ချက်ရယူခြင်း၊

(ဆ) စိစစ်တွေ့ရှိချက်များကို သုံးသပ်ခြင်း၊ သဘောထားမှတ်ချက်နှင့်တကွ ဗဟိုကော်မတီသို့ အစီရင်ခံ တင်ပြခြင်း။

၁၂။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် မြေကိုအလိုရှိကြောင်း တင်ပြသည့်အဆိုပြုလွှာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၁ ပါ ကိစ္စများအပြင် အခြားလိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲတစ်ဖွဲ့ဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေ ဖွဲ့စည်းပြီး တာဝန်ပေးအပ်ရမည်။

၁၃။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲသည် -

(က) သိမ်းဆည်းရန်အဆိုပြုသည့် မြေနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူတို့ထံ အနည်းဆုံးခုနစ်ရက် ကြိုတင် အကြောင်းကြား၍ မြေပြင်သို့ကွင်းဆင်းပြီး ထိုမြေသည် အသုံးပြုရန် သင့်လျော်ခြင်း ရှိ မရှိ သေချာစေရန် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်သည်။

( ခ ) ကွင်းဆင်းတိုင်းတာခြင်း၊ ထိခိုက်နစ်နာသူများနှင့် ထိခိုက်နစ်နာမည့် အခြေအနေစာရင်းကောက်ယူရမည်။

( ဂ ) မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရွက်ချက်များကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၁၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) မြေကိုအလိုရှိကြောင်း တင်ပြသည့်အဆိုပြုချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန် သင့် မသင့် မိမိတို့၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်သည့်လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားပူးတွဲ၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

( ခ ) အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက် ပြုပါက အများပြည်သူသိရှိရန် ထိုမြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာမူကြမ်းကို ပူးတွဲ၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း တင်ပြလာသည့်မြေနှင့် အဆောက်အအုံတို့မှာ အောက်ပါတို့နှင့် အကျုံးဝင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိမှသာ မြေသိမ်းဆည်းခြင်းကိစ္စကို ဆောင်ရွက်ရမည် -

(က) တည်ဆဲဥပဒေအရ ကာကွယ်ထိန်းသိမ်းထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံ တည်ရာမြေနေရာများ၊

( ခ ) သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိသည့်နေရာများ၊

( ဂ ) သမိုင်းကြောင်း ခိုင်မာစွာတည်ရှိလာပြီး ပြည်သူအများ တန်ဖိုးထားထိန်းသိမ်းလာသည့် အထင်ကရ နယ်မြေများနှင့် အဆောက်အအုံများ၊ ပရိဝုဏ်များ၊ အထိမ်းအမှတ်နေရာများ၊

(ဃ) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံအရ အသုံးပြုနေသောမြေများနှင့် အမြတ်တနိုးရှိသေတန်ဖိုးထား စောင့်ရှောက်ထိန်းသိမ်းထားသည့် နေရာများ။

## အခန်း (၅)

## မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် ကန့်ကွက်လွှာတင်သွင်းခြင်း

၁၆။ ဗဟိုကော်မတီသည် -

(က) မြေကိုအလိုရှိကြောင်း တင်ပြသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ စိစစ်ချက်နှင့် စစ်ဆေးချက်တို့အရ အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန်လိုအပ်ကြောင်း တွေ့ရှိပါက အများပြည်သူသိရှိရန် ထိုမြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာမည့် အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိရမည် -

(၁) မြေတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ ကွင်း သို့မဟုတ် အကွက်အမှတ်နှင့်အမည်၊ ခန့်မှန်းဧရိယာ၊ မြေအမျိုးအစားစသော မြေနှင့်သက်ဆိုင်သည့် အကြောင်းအရာများ၊

(၂) အများပြည်သူအကျိုးအလို့ငှာ မည်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရန် အသုံးပြုရေးအတွက် သိမ်းဆည်းရန် အလိုရှိရခြင်းဖြစ်ကြောင်း အကြောင်းပြချက်။

(ဂ) ထို့ပြင် ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာရာတွင် အောက်ပါအချက်များ ပူးတွဲပါရှိစေရမည် -

(၁) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တို့အား တာဝန်ပေးအပ်သည့် အမိန့်၊

(၂) အဆိုပြုလွှာပါ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးဘဝထိခိုက်နစ်နာမှုဆန်းစစ်တွေ့ရှိချက် အကျဉ်းနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်၊

(၃) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် လျာထားချက်အကျဉ်း။

၁၇။ အဆိုပြုသည့် မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်းအသိပေးသည့် အမိန့်ကြော်ငြာစာကို -

(က) မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာရမည့်အပြင် အများပြည်သူသိရှိရန် နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်း၊ ဒေသထုတ်သတင်းလွှာများတွင်လည်းကောင်း သတ်မှတ်ကာလအတွင်း အနည်းဆုံး နှစ်ကြိမ်ထည့်သွင်းကြေညာရမည်။ ထို့ပြင် အောက်ပါ ရုံး၊ ဌာနနှင့် နေရာများရှိ အများပြည်သူဆိုင်ရာ ကြော်ငြာသင်ပုန်းတွင်လည်း ကြေညာချက်မိတ္တူများကိုကပ်လျက် အများပြည်သူသိရှိစေရန် ထုတ်ပြန်အသိပေးရမည်။ အဆိုပါ အမိန့်ကြော်ငြာစာကို လိုအပ်ပါက ဒေသသုံးဘာသာစကားဖြင့်လည်း ပူးတွဲဖော်ပြကြေညာရမည် -

(၁) နေပြည်တော်ကောင်စီရုံး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊

(၂) မြေတည်ရာဒေသ၏ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊

(၃) မြေတည်ရာဒေသ၏ မြို့နယ်တရားရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊

(၄) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေအနီးတွင် အများပြည်သူ သိမြင်လွယ်သည့်နေရာများ၌ ဤကိစ္စအလို့ငှာ ပြုလုပ်သည့် ကြော်ငြာသင်ပုန်း။

(ခ) ရုပ်မြင်သံကြား၊ အသံလွှင့်မီဒီယာနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာဝက်ဘ်ဆိုက်တွင် လိုအပ်ပါက ထည့်သွင်းကြေညာရမည်။

(ဂ) သိမ်းဆည်းရန်လျာထားသည့် ဧရိယာအတွင်း ပါဝင်သူများထံ အဆိုပါ အမိန့်ကြော်ငြာစာမိတ္တူပူးတွဲလျက် အသိပေးအကြောင်းကြားစာကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့အကြောင်းကြားရမည်။

၁၈။ (က) ထိခိုက်နစ်နာသူသည် မြေကိုသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့်အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ထိုသို့ ထုတ်ပြန်ကြေညာသည့်နေ့မှ ၄၅ ရက်အတွင်း နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ ကန့်ကွက်ရခြင်းအကြောင်းကို ကျိုးကြောင်းဖော်ပြ၍ ခိုင်လုံသောအထောက်အထားများပူးတွဲပြီး ကန့်ကွက်လွှာတင်နိုင်သည်။

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ တင်ပြသည့် ကန့်ကွက်လွှာ လက်ခံရရှိသည့်အခါ အဆိုပါ ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် တင်ပြစေရန် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၁၉။ သက်ဆိုင်ရာမြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၁၈ အရ တင်သွင်းသည့် ကန့်ကွက်လွှာကို စိစစ်ပြီးကန့်ကွက်သူအား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ဖြေရှင်းခွင့်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကန့်ကွက်သူအား ဖြေရှင်းခွင့်ပေးပြီးနောက် မြေကိုသိမ်းဆည်းရန် မလိုအပ်ကြောင်း တွေ့ရှိပါက ထုတ်ပြန်ကြေညာသည့်အမိန့်ကြော်ငြာစာကို ပယ်ဖျက်ကြောင်း အများပြည်သူသိရှိရန် ပုဒ်မ ၁၇ ပါ နည်းလမ်းများအတိုင်း ကြေညာနိုင်ရန် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) အဆိုပြုသည့် မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းရန်လိုအပ်ကြောင်း တွေ့ရှိပါက ထိုမြေကိုသိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်နှင့်အတူ မြေသိမ်းဆည်းရေးကိစ္စဆက်လက်ဆောင်ရွက်ရေးအတွက် ဗဟိုကော်မတီသို့ တင်ပြပြီး ထိုတင်ပြချက်မိတ္တူကို ကန့်ကွက်လွှာတင်သွင်းသူထံ ပေးပို့ရမည်။

၂၀။ ဗဟိုကော်မတီသည် -

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) အရ တင်ပြသည့် သဘောထားမှတ်ချက်ကို လက်ခံသဘောတူပါက ပုဒ်မ ၁၆ နှင့် ၁၇ တို့အရ မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာနှင့် ကြေညာချက်များကို ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့် သဘောထားမှတ်ချက်ကို လက်ခံသဘောတူပါက အဆိုပြုသည့် မြေကို သိမ်းဆည်းရေးအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့နှင့် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အကြောင်းကြားရမည်။

၂၁။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းရန်ရည်ရွယ်သည့်မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့်ရည်ရွယ်ချက်နှင့် အခြေအနေအပေါ် အများပြည်သူ၏ သဘောထားရယူခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ဆောင်မည့်အစီအစဉ်ကို ထိခိုက်နစ်နာသူထံ အနည်းဆုံးခုနစ်ရက်ကြိုတင်အသိပေးအကြောင်းကြားပြီး အောက်ပါလုပ်ငန်းတာဝန်များကို ကိုယ်တိုင်ဖြစ်စေ၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲကို တာဝန်ပေး၍ဖြစ်စေ ဆောင်ရွက်ရမည် -

(က) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေနေရာရှိ ထိခိုက်နစ်နာသူတို့၏ လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှု အလားအလာများအပေါ် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်များကို မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ခ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် လျာထားချက်များကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်နှင့် မြေပိုင်ဆိုင်ခွင့်ရှိသူတို့၏ လိုလားချက်များအပေါ် အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သဘောတူညီမှုရယူခြင်း၊

(ဂ) မြေသိမ်းဆည်းမည့် ရည်ရွယ်ချက်နှင့် အခြေအနေများအပေါ် ထိခိုက်နစ်နာသူများအပါအဝင် ပြည်သူလူထုထံမှ ကန့်ကွက်လွှာခေါ်ယူခြင်း၊ စာဖြင့်ရေးသား ကန့်ကွက်ချက်ကို လက်ခံခြင်း၊ ကြားနာစစ်ဆေးခြင်း၊ အထောက်အထား စာရွက်စာတမ်းများ တင်ပြစေရန် တောင်းခံခြင်း၊ လိုအပ်ပါက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊

(ဃ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းမှကိုယ်စားလှယ်၊ မြေပိုင်ဆိုင်ခွင့်ရှိသူများနှင့် ယင်းတို့၏ကိုယ်စားလှယ်တို့နှင့်အတူ မြေပြင်ကွင်းဆင်းတိုင်းတာမှတ်သားခြင်း၊

(င) ထိခိုက်နစ်နာသူများစာရင်းနှင့် ထိခိုက်နစ်နာမှု အခြေအနေများ စာရင်းကောက်ယူခြင်း၊

(စ) ပုဒ်မခွဲ (ဂ)၊ (ဃ)၊ နှင့် (င) တို့အရ ဆောင်ရွက်ရာတွင် စိုက်ပျိုးထားသော သီးပင်စားပင်များနှင့် အသုံးအဆောင်ပစ္စည်းများကို ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ထိခိုက်ပျက်စီးမှုများရှိပါက ထိခိုက်ပျက်စီးမှုအတွက် ကာလပေါက်ဈေးဖြင့် ထိခိုက်နစ်နာသူများကို နစ်နာကြေးပေးရမည်။

(ဆ) ကွင်းဆင်းတိုင်းတာမှုကြောင့် ထိခိုက်နစ်နာသူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာမှုများအား မှတ်တမ်းတင်ခြင်း၊ ဒေသ၏ ကာလတန်ဖိုးအပေါ် နစ်နာကြေးတွက်ချက်ခြင်း။

၂၂။ (က) ထိခိုက်နစ်နာသူများ၏ ပုဒ်မ ၂၁ အရ မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ သို့မဟုတ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့်ပေးလျော်သည့် ထိခိုက်ပျက်စီးမှုအတွက် နစ်နာကြေးနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ရက်ပေါင်း ၃၀ အတွင်း နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

(ခ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်။ ယင်းအမိန့်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၂၃။ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းနှင့်စပ်လျဉ်းသည့် လျာထားချက်များနှင့် ထိခိုက်နစ်နာမှုများ၏ အခြေအနေမှန်ကို လိုက်လျောညီထွေမှု ရှိ မရှိ စိစစ်ခြင်းနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်ခွင့်ရှိသူထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အသိပေးအကြောင်းကြားပြီး အောက်ပါလုပ်ငန်းတာဝန်များကို ကိုယ်တိုင်ဖြစ်စေ၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲကို တာဝန်ပေး၍ဖြစ်စေ ဆောင်ရွက်ရမည်-

(က) မြေပြင်ကွင်းဆင်းစစ်ဆေးရမည့် တာဝန်များ -

(၁) ပြောင်းရွှေ့နေရာချထားမည့်နေရာသည် အခြေချနေထိုင်ရန် သင့်လျော်မှု ရှိ မရှိနှင့် သင့်လျော်မှုရှိပါက အကောင်အထည်ဖော်နိုင်မည့်အခြေအနေ၊

(၂) ဘာသာရေးအဆောက်အအုံများနှင့် အများပြည်သူဆိုင်ရာ ကျောင်း၊ ဆေးခန်း၊ ဈေး၊ ရုံး စသည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်မည့် အခြေအနေ၊

(၃) အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည့်အခြေအနေ၊

(၄) ယာယီထောက်ပံ့ကြေး ပံ့ပိုးပေးမည့်အစီအစဉ်နှင့် လုံလောက်မှုအခြေအနေ၊

(၅) အိမ်ထောင်သားစု အသက်မွေးမှု ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးပေးသင့်သည့် အစီအစဉ်များ၊

(၆) ပညာရေး၊ ကျန်းမာရေးစသည့် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရန် အစီအစဉ်များ။

(ခ) ပုဒ်မခွဲ (က) အရ မြေပြင်ကွင်းဆင်း၍ စစ်ဆေးရာတွင် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ကိုယ်စားလှယ်၊ ထိခိုက်နစ်နာသူများနှင့် ယင်းတို့၏ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာကျွမ်းကျင်သူများ၊ အခြားလိုအပ်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အထားများ တောင်းယူကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် သက်ဆိုင်သည်ဟု မှတ်ယူရသူများအား ခေါ်ယူမေးမြန်းခြင်း။

၂၄။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲသည် -

(က) မြေပြင်ကွင်းဆင်းစစ်ဆေးရေး လုပ်ငန်းနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကျွမ်းကျင်သူများ၏ သဘောထားမှတ်ချက်ကို လွတ်လပ်စွာတောင်းယူခွင့်ရှိစေရမည်။ ထို့ပြင် ယင်းတို့၏ ပံ့ပိုးကူညီမှုကို တောင်းခံနိုင်သည်။

(ခ) မိမိ၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်၊ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်တို့ကို မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့လည်းကောင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သို့လည်းကောင်း စစ်ဆေးတွေ့ရှိချက်နှင့် အစီရင်ခံစာများ ပြုစုတင်ပြရမည်။

၂၅။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တို့သည် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲအသီးသီး၏ စစ်ဆေးတွေ့ရှိချက်နှင့် အစီရင်ခံစာများကိုစုစည်း၍ မိမိတို့၏သုံးသပ်ချက်၊ သဘောထားမှတ်ချက်တို့ပါဝင်သည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၆။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့တို့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများအပေါ် အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းရန် သင့် မသင့် မိမိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်။ မြေသိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာမူကြမ်းကို တစ်ပါတည်း ပြုစုတင်ပြရမည်။

(ခ) မြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဖြစ်သော်လည်း သက်ဆိုင်ရာ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းက အဆိုပြုလွှာကို ရုပ်သိမ်းခြင်းကြောင့်ဖြစ်စေ၊ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ သိမ်းဆည်းရန်မလိုအပ်သည့်မြေများ ပါဝင်နေခဲ့လျှင်ဖြစ်စေ ထိုအမိန့်ကြော်ငြာစာကို ပြန်လည်ပယ်ဖျက်၍ မြေသိမ်းဆည်းရေးလုပ်ငန်းများကို ပြင်ဆင်ထုတ်ပြန်ခြင်း သို့မဟုတ် ရပ်စဲခြင်းပြုလုပ်နိုင်ရန် ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၇။ ဗဟိုကော်မတီသည် -

(က) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းက အဆိုပြုလွှာနှင့် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ မြေသိမ်းဆည်းရန် သင့် မသင့် တင်ပြလာသည့် သဘောထားမှတ်ချက်ကိုလည်းကောင်း စိစစ်ပြီး အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းရန် သင့် မသင့် မိမိ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြရာတွင် အများပြည်သူအကျိုးအလို့ငှာ မြေသိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ပြုပါက မြေသိမ်းဆည်းရန် အဆိုပြုသည့် အထောက်အထားများနှင့်အတူ ယင်းမြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာမူကြမ်း ပူးတွဲပါရှိရမည်။

၂၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပုဒ်မ ၂၇ အရ တင်ပြသည့်သဘောထားမှတ်ချက်နှင့် အဆိုပြုသည့် အထောက်အထားများကိုစိစစ်ပြီး အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းကြောင်း သို့မဟုတ် သိမ်းဆည်းခြင်း မပြုကြောင်း ဆုံးဖြတ်ချက် ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) အရ အဆိုပြုသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ သိမ်းဆည်းကြောင်း ဆုံးဖြတ်ပါက အများပြည်သူသိရှိရန် အဆိုပြုသည့် မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ဗဟိုကော်မတီသို့ အကြောင်းကြားရမည်။ ထိုအကြောင်းကြားချက်မိတ္တူကို တာဝန်ခံဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ရမည်။

၂၉။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပုဒ်မ ၂၈ အရ အကြောင်းကြားစာရရှိပြီးနောက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၃၀။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် ပုဒ်မ ၂၉ အရ အကြောင်းကြားစာရရှိပြီးနောက် မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာမထုတ်ပြန်မီ ရုံးလုပ်ငန်းကိစ္စအဝဝနှင့် မြေပြင်ကွင်းဆင်းလုပ်ငန်းအရပ်ရပ်အတွက် လိုအပ်မည့် ခန့်မှန်းကုန်ကျစရိတ်နှင့် ပေးလျော်ရန်ဖြစ်ပေါ်လာမည့် လျော်ကြေးနှင့်နစ်နာကြေးအပြင် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေး ကုန်ကျစရိတ်များကို ကြိုတင်တွက်ချက်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းထံမှ ကြိုတင်တောင်းခံပြီး ဦးစီးဌာနသို့ ပေးသွင်းစေရမည်။ အဆိုပါ ကုန်ကျစရိတ်ငွေများကို ဦးစီးဌာန၏ လက်ဝယ်ရောက်ရှိ ထိန်းသိမ်းပြီးမှသာ မိမိတို့၏ မြေသိမ်းဆည်းခြင်းဆိုင်ရာလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ရမည်။

## အခန်း (၆)
## မြေကိုသိမ်းယူမည်ဖြစ်ကြောင်းနှင့် မြေကိုလက်ရောက်သိမ်းဆည်းခြင်း

၃၁။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၂၉ အရ ဗဟိုကော်မတီက အကြောင်းကြားလာသည့်အခါ အများပြည်သူအကျိုးအလို့ငှာ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသိရှိရန် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းများဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခြင်းနှင့် အသိပေးခြင်းတို့ ပြုရမည်။

၃၂။ တာဝန်ခံဝန်ကြီးဌာနက ပုဒ်မ ၃၁ နှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခြင်း၊ အသိပေးခြင်းတို့ ပြုပြီးသည်နှင့်တစ်ပြိုင်နက် မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် အောက်ပါ အချက်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည် -

(က) မြေကို သိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို မြေတည်ရှိရာဒေသရှိ အများပြည်သူသို့ ထပ်ဆင့်အသိပေးကြေညာခြင်း၊ လိုအပ်ပါက ဒေသသုံးဘာသာစကားဖြင့်လည်း ပူးတွဲဖော်ပြကြေညာခြင်း၊

(ခ) သိမ်းဆည်းမည့် မြေကို လိုအပ်ပါက ကွင်းဆင်းစစ်ဆေးမှတ်သားခြင်းနှင့် လျော်ကြေး၊ နစ်နာကြေး တွက်ချက်ထုတ်ပေးခြင်းတို့ကို ဤဥပဒေအခန်း (၈) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း။

၃၃။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲသည် သိမ်းဆည်းမည့်မြေနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူများထံ အနည်းဆုံး ခုနစ်ရက် ကြိုတင်အကြောင်းကြားပြီး မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မြေပြင်ကွင်းဆင်းတိုင်းတာမှတ်သားရာတွင် ထိခိုက်နစ်နာသူများ သို့မဟုတ် ယင်းတို့၏ တရားဝင်ကိုယ်စားလှယ်နှင့်အတူ အောက်ပါအချက်များကို စစ်ဆေးမှတ်တမ်းတင်ရမည် -

(၁) ထိခိုက်နစ်နာသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုဝင်များစာရင်း၊ အသက်မွေးမှုအခြေအနေ၊ အိမ်ထောင်သားစုပိုင် ကျွဲ နွားတိရစ္ဆာန်တို့နှင့် စက်ကိရိယာများစာရင်း၊

(၂) မြေ၏တည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစား၊ အတန်းအစားနှင့် ပုဒ်မ ၁၆ အရမြေကို သိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့်အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့ရှိ မြေ၏ ဒေသဈေးကွက် ပေါက်ဈေး၊

(၃) မြေပေါ်ရှိအဆောက်အအုံ၏သက်တမ်း၊ ဆောက်လုပ်ထားရှိမှု အနေအထားနှင့် ပုံစံ၊ ဒေသ၏ ကာလတန်ဖိုး၊

(၄) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိအပင်တန်ဖိုးကို အခြေခံလျက်ဒေသ၏ ကာလ ပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏သုံးဆ၊

(၅) ရာသီသီးနှံများအတွက် တစ်ဧကပျမ်းမျှအထွက်နှုန်းကို အခြေခံလျက်ဒေသ၏ ကာလ ပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏သုံးဆ၊

(၆) မြေသိမ်းဆည်းခံရမှုကြောင့် ယင်းမြေပေါ်တွင် အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ထိခိုက်နစ်နာဆုံးရှုံးမှုများ။

(ခ) ကွင်းဆင်းတိုင်းတာမှတ်သားရာတွင် လိုအပ်မှုအခြေအနေအရ နယ်နိမိတ်မှတ်တိုင်များကို မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်း၏ ကုန်ကျစရိတ်ဖြင့် မြင်သာစွာ စိုက်ထူမှတ်သားပေးရမည်။

(ဂ) ကွင်းဆင်းတိုင်းတာမှတ်တမ်းတင်မှုကို ထိခိုက်နစ်နာသူ တစ်ဦးချင်းသို့ အသိပေးရမည်။

(ဃ) ကွင်းဆင်းတိုင်းတာမှတ်သားမှု လုပ်ငန်းပြီးစီးပါက မှတ်တမ်းတင်ထားသည့် အချက်များကို သိရှိရန် အများပြည်သူသို့ အသိပေးကြေညာရမည်။

(င) အတည်ပြုထားသော လျော်ကြေးနှင့် နစ်နာကြေးတောင်းခံရမည့် ထိခိုက်နစ်နာမှုများနှင့် ပေးအပ်မည့် ပမာဏ၊ နောက်ဆုံးထားတောင်းခံရမည့် နေ့ရက်၊ တင်ပြတောင်းခံရမည့် ပုဂ္ဂိုလ်နှင့် တင်ပြတောင်းခံ ရမည့်နေရာတို့ကို အများပြည်သူသိရှိစေရန် -

(၁) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ အတိုင်း သက်ဆိုင်ရာရုံး၊ ဌာနများနှင့် အများပြည်သူအလွယ် တကူ တွေ့ရှိနိုင်မည့်နေရာများတွင် စွဲကပ်၍ ကြေညာရမည်။

(၂) လျော်ကြေးနှင့်နစ်နာကြေးထုတ်ယူရန် မှတ်တမ်းစာရင်းဝင်သည့် ထိခိုက်နစ်နာသူတို့ထံ အကြောင်းကြားစာများကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့ရမည်။

(၃) လိုအပ်ပါက အကြောင်းကြားစာများကို ဒေသ၏အများသုံး ဘာသာစကားဖြင့် ရေးသားချက် ကို ပူးတွဲပေးပို့နိုင်သည်။

၃၄။ (က) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် -

(၁) ပုဒ်မ ၃၂ နှင့် ၃၃ တို့ပါ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် လျော်ကြေးနှင့် နစ်နာကြေး များပေးအပ်ပြီးနောက် မြေကိုအနှောင့်အယှက်ကင်းရှင်းစွာ လက်ရောက်သိမ်းဆည်းရမည်။

(၂) အဆိုပါမြေကို မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်ချက်များနှင့် အညီ မြေသိမ်းအမှုတွဲဖြင့် လက်ရောက်ပေးအပ်ရမည်။

(ခ) အဆိုပြုသည့်မြေကို လက်ရောက်သိမ်းဆည်းခြင်းပြုပြီးသည်နှင့် ကြွေးမြီကင်းရှင်းသည့်နိုင်ငံပိုင် မြေအဖြစ်သို့ ရောက်ရှိစေရမည်။

## အခန်း (၇)
## မြေသိမ်းဆည်းခံရခြင်းအတွက် မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ရွေးချယ်ခံစားခွင့်

၃၅။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းသည့်မြေတွင် အတည်တကျ ဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံမရှိပါက ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ရွေးချယ်သည့် အခွင့် အရေးတစ်ရပ်ရပ်ကို ပေးရန်မလိုဘဲ ထိုမြေကိုသိမ်းဆည်းခြင်းကြောင့် လျော်ကြေးနှင့်နစ်နာကြေးကို မြေပိုင်

ဆိုင်ခွင့်ရှိသူအားလည်းကောင်း၊ နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူအားလည်းကောင်း ဤဥပဒေအခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးလျော်ရမည်။

၃၆။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းသည့်မြေတွင် အတည်တကျ ဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံရှိပါက မြေပိုင်ဆိုင်ခွင့်ရှိသူ၏ဆန္ဒအရ ရွေးချယ်စေ၍ မြေသိမ်းဆည်းရန်အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီး ရွှေ့ပြောင်းနေရာချထားစရိတ်အပါအဝင် သိမ်းဆည်းခြင်းခံရသည့် မြေနှင့် အဆောက်အအုံ၏ ကာလတန်ဖိုးထက်မပိုစေဘဲ အောက်ပါအခွင့်အရေးတစ်ရပ်ရပ်ကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ခံစားခွင့်ပေးနိုင်သည် -

(က) သိမ်းဆည်းသည့်မြေနှင့် အဆောက်အအုံအတွက် လျော်ကြေးနှင့်နစ်နာကြေးကို တစ်လုံးတည်း သို့မဟုတ် အရစ်ကျခံစားခွင့် သို့မဟုတ်

(ခ) ပုဒ်မခွဲ (က) ပါ ခံစားခွင့်တစ်စိတ်တစ်ဒေသနှင့် ပူးတွဲ၍ဖြစ်စေ၊ သီးခြားဖြစ်စေ အောက်ပါအခွင့်အရေးများကို ခံစားနိုင်သည်။

(၁) ပြန်လည်နေရာချထားခြင်းပြုသည့် မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံ ရရှိခွင့်၊

(၂) ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အစီအစဉ်တစ်ရပ်ရပ် ခံစားခွင့်၊

(၃) သိမ်းဆည်းမြေပေါ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့် သို့မဟုတ် သင့်လျော်သော မြေအချိုးအစား ရယူဆောင်ရွက်ခွင့်။

၃၇။ မြေပိုင်ဆိုင်ခွင့်ရှိသူသည် -

(က) မြေနှင့်အဆောက်အအုံ သိမ်းဆည်းခြင်းခံရသည့်အတွက် ဤဥပဒေအရ ပေးအပ်သော ရွှေ့ပြောင်းနေရာချထားစရိတ်ကို ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ခံစားခွင့်အပြင် မိမိတို့၏ဆန္ဒအရ ရွေးချယ်၍ ပုဒ်မ ၃၆ ပါ အခွင့်အရေးများအနက် အခွင့်အရေးတစ်ရပ်ကိုပေးရန် တောင်းဆိုရာတွင် သိမ်းဆည်းခြင်းခံရသည့် မြေနှင့် အဆောက်အအုံ၏ ကာလတန်ဖိုးထက်မပိုစေဘဲ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီး ခံစားခွင့်ရှိသည်။

၃၈။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် သိမ်းဆည်းမည့်မြေနှင့်စပ်လျဉ်း၍ လျော်ကြေးပေးမည့်အစား မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် လျော်ကြေးနှင့်ညီမျှသော အခြားသောမြေကို ခွင့်ပြုပေးခြင်း သို့မဟုတ် အခြားအခွင့်အရေးပေးခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းပြုနိုင်သည်။

## အခန်း (၈)
## လျော်ကြေးနှင့် နစ်နာကြေးများ ထုတ်ပေးခြင်း

၃၉။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် မြေသိမ်းဆည်းခြင်းအတွက် လျော်ကြေးနှင့်နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအားလည်းကောင်း၊ နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူအားလည်းကောင်း ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည် -

(က) သိမ်းဆည်းသည့်မြေတွင် အတည်တကျ ဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံမရှိပါက ထိုမြေကို သိမ်းဆည်းခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် လျော်ကြေးနှင့်နစ်နာကြေးကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်းနှင့်နစ်နာကြေးကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူအား ထုတ်ပေးခြင်း၊

(ခ) သိမ်းဆည်းသည့်မြေတွင် အတည်တကျဆောက်လုပ်ထားသည့် အဆောက်အအုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အဆောက်အအုံရှိပါက သိမ်းဆည်းသည့်မြေနှင့် အဆောက်အအုံတို့၏ ဒေသကာလတန်ဖိုးကို လျော်ကြေးအဖြစ် မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်း၊

(ဂ) သိမ်းဆည်းသည့်မြေတွင် နှစ်ရှည်ပင်များ၊ ရာသီသီးနှံများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မရှိပါက မြေ၏ဒေသကာလတန်ဖိုးကို လျော်ကြေးအဖြစ် မြေပိုင်ဆိုင်ခွင့်ရှိသူအား ထုတ်ပေးခြင်း၊

(ဃ) သိမ်းဆည်းသည့်မြေတွင် နှစ်ရှည်ပင်များ၊ ရာသီသီးနှံများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရှိပါက အောက်ပါလျော်ကြေးနှင့် နစ်နာကြေးများကို ထုတ်ပေးခြင်း -

(၁) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိအပင်တန်ဖိုးကို အခြေခံလျက်ဒေသ၏ ကာလပေါက်စျေးဖြင့်တွက်ချက်သောတန်ဖိုး၏သုံးဆ၊

(၂) ရာသီသီးနှံများအတွက် တစ်ဧက ပျမ်းမျှအထွက်နှုန်းကိုအခြေခံလျက်ဒေသ၏ ကာလပေါက်စျေးဖြင့် တွက်ချက်သောတန်ဖိုး၏သုံးဆ၊

(၃) အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များ ရပ်ဆိုင်းသွားသည့်အတွက် ခန့်မှန်းဝင်ငွေ ဆုံးရှုံးမှုပမာဏ၊

(၄) ကျွဲနွားတိရစ္ဆာန်နှင့် အခြားမွေးမြူရေးတိရစ္ဆာန်များ၊ ပစ္စည်းကိရိယာများ ဆုံးရှုံးမှုတန်ဖိုး ပမာဏ။

(င) လျော်ကြေးနှင့် နစ်နာကြေးများကို ခံစားခွင့်ရှိသည့် ထိခိုက်နစ်နာသူ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်အား စိစစ်ထုတ်ပေးခြင်း၊

(စ) လျော်ကြေးနှင့် နစ်နာကြေးများကို သဘောတူထုတ်ယူသူများနှင့် ပေးလျော်မှုကို လက်မခံ၍ ထုတ်ယူခြင်းမရှိသူများအား ခွဲခြား၍ မှတ်တမ်းတင်ခြင်း။

၄၀။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ သို့မဟုတ် အမိန့်ကြော်ငြာစာများနှင့်အညီ ရွှေ့ပြောင်းနေရာချထားစရိတ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၃၉ ပါ လျော်ကြေးနှင့် နစ်နာကြေး ပမာဏတို့ကိုသော်လည်းကောင်းတွက်ချက်၍လျာထားပြီး နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဗဟိုကော်မတီက အတည်ပြုထားသည့် ရွှေ့ပြောင်းနေရာချထားစရိတ် အပါအဝင်လျော်ကြေးနှင့် နစ်နာကြေးများကို မြေပိုင်ဆိုင်ခွင့်ရှိသူထံဖြစ်စေ၊ နစ်နာကြေးများကို သိမ်းဆည်းမြေတွင် ဆက်နွှယ်ပတ်သက်သူထံဖြစ်စေ ထုတ်ပေးရမည်။

၄၁။ ထိခိုက်နစ်နာသူတစ်ဦးဦးသည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် ကျေနပ်မှုမရှိပါက သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းပေးရန် အကျိုးအကြောင်းဖော်ပြ၍ မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ တောင်းဆိုလျှောက်ထားနိုင်သည် -

(က) လျော်ကြေးနှင့်နစ်နာကြေးပေးရန် သတ်မှတ်သည့် ဧရိယာအကျယ်အဝန်းကိစ္စ၊

(ခ) ပေးလျော်သည့် လျော်ကြေးနှင့် နစ်နာကြေးပမာဏကိစ္စ၊

(ဂ) မည်သည့် ထိခိုက်နစ်နာသူတို့ကို ပေးလျော်ရမည်ဆိုသည့်ကိစ္စ သို့မဟုတ် မည်သူရထိုက်ခွင့်ရှိ မရှိ ကိစ္စ၊

(ဃ) မည်သူတို့ကို ခွဲဝေပေးရမည် သို့မဟုတ် ခွဲဝေပေးရာတွင် နည်းသည် များသည်ဆိုသည့်ကိစ္စ။

၄၂။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၄၁ အရ ထိခိုက်နစ်နာသူတစ်ဦးဦးက တရားရုံးသို့ လွှဲအပ်လွှာတင်သွင်းပေးရန် တောင်းဆိုသည့် လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ဖော်ပြပြီး ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာ တရားရုံးသို့ လွှဲအပ်လွှာတင်သွင်းရမည် -

(၁) သိမ်းဆည်းသည့်မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံတို့၏ ဒေသကာလတန်ဖိုးလျော်ကြေး ငွေပမာဏ၊

(၂) စိုက်ပျိုးထားသည့် နှစ်ရှည်ပင်အတွက် လက်ရှိ အပင်တန်ဖိုးကို အခြေခံလျက်ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုး၏သုံးဆ၊

(၃) ရာသီသီးနှံများအတွက် တစ်ဧကပျမ်းမျှအထွက်နှုန်းကို အခြေခံလျက် ဒေသ၏ကာလ ပေါက်ဈေးဖြင့် တွက်ချက်သောတန်ဖိုး၏သုံးဆ၊

(၄) ပြန်လည်နေရာချထားခြင်းမပြုမီ မြေပိုင်ဆိုင်ခွင့်ရှိသူ၏ နေရေးထိုင်ရေးနှင့် စားသောက်ရေး အတွက် နစ်နာကြေးခန့်မှန်း ကုန်ကျစရိတ်ပမာဏ။

(ခ) ပုဒ်မခွဲ (က) အရ တရားရုံးသို့ လွှဲအပ်သည့် လျှောက်လွှာတင်သွင်းရာတွင် အောက်ပါတို့ ပူးတွဲ ပါရှိရမည် -

(၁) ထိခိုက်နစ်နာသူများ၏ အမည်၊ နေရပ်နှင့် ဆင့်ဆိုရန် လိပ်စာများစာရင်း၊

(၂) ထုတ်ပေးခြင်းမပြုရသေးသည့် လျော်ကြေးနှင့် နစ်နာကြေးများ၊

(၃) မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲ၏ သိမ်းဆည်းမည့်မြေနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၃ အရ ဆောင်ရွက်ချက် အစီရင်ခံစာမိတ္တူ။

(ဂ) ထိခိုက်နစ်နာသူတစ်ဦးဦးက လက်မခံသည့် လျော်ကြေးနှင့် နစ်နာကြေးများကို တရားရုံးသို့ အပ်ငွေ အဖြစ် ပေးသွင်းရမည်။

၄၃။ သက်ဆိုင်ရာတရားရုံးသည် -

(က) ပုဒ်မ ၄၂ အရ တင်သွင်းသည့် လွှဲအပ်လွှာနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး စုံစမ်းစစ်ဆေးခြင်းကို ရက်ပေါင်း ၃၀ အတွင်း စတင်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါ လျော်ကြေးနှင့် နစ်နာကြေးပေးရန် သတ်မှတ်သည့်ဧရိယာ အကျယ်အဝန်း ကိစ္စအတွက် ကန့်ကွက်ခြင်းဖြစ်ပါက မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ကိုဖြစ်စေ ဆင့်ဆို၍ စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့ပါ အခြားကန့်ကွက်သည့် ကိစ္စများအတွက် မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကို ဖြစ်စေ ဆင့်ဆို၍ စုံစမ်းစစ်ဆေးရန်မလိုဘဲ ထိခိုက်နစ်နာသူများနှင့် လိုအပ်သည့်သက်သေတို့ကိုသာ ဆင့်ဆို၍စုံစမ်းစစ်ဆေးရမည်။ ထိုသို့ စုံစမ်းစစ်ဆေးရာတွင် ၎င်းတို့၏ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီး သင့်လျော်သည့် စီရင်ချက်၊ အမိန့်နှင့် ဒီကရီ ချမှတ်ပေးနိုင်သည်။

(င) ထိခိုက်နစ်နာသူတစ်ဦးဦးက လက်မခံသည့်အတွက် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) အရ တရားရုံးသို့ အပ်သည့်ငွေအပြင် ထိုငွေကို အစိုးရငွေစုဘဏ်တွင် စုဆောင်းပြီးရရှိသည့် အတိုးငွေကိုပါ ထိခိုက် နစ်နာသူအား ထုတ်ပေးရန် ညွှန်ကြားနိုင်သည်။

၄၄။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သည် -

(က) ထိခိုက်နစ်နာသူတစ်ဦးဦး၏ တောင်းဆိုလျှောက်ထားချက်အရ သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းထားပါက ထိုလွှဲအပ်လွှာအမှု မပြီးပြတ်မီ လျော်ကြေး၊ နစ်နာကြေးထုတ်ပေးခြင်းကို ဆိုင်းငံ့ထားရမည်။

( ခ ) သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းထားခြင်းမရှိလျှင်ဖြစ်စေ၊ တရားရုံးတွင် လွှဲအပ်လွှာအမှု ပြီးပြတ်လျှင်ဖြစ်စေ လျော်ကြေး၊ နစ်နာကြေးထုတ်ပေးခြင်းကို ဆက်လက် ဆောင်ရွက်ရမည်။

၄၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များတွင် လျော်ကြေးနှင့် နစ်နာကြေးပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ အများပြည်သူအကျိုးအလို့ငှာ လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသည့်မြေများကို သိမ်းယူသည့်အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူအား နစ်နာမှုမရှိစေရန် လျော်ကြေး၊ နစ်နာကြေးပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် စီမံဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ရမည်။

## အခန်း (၉)
## ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း

၄၆။ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ ခံစားခွင့် အခွင့်အရေးများအနက် အခွင့်အရေးတစ်ရပ်ကို မြေပိုင်ဆိုင်ခွင့်ရှိသူ၏ ဆန္ဒအရရွေးချယ်၍ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီချက်များကို အခြေခံပြီး ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါပြန်လည်နေရာချထားခြင်း သို့မဟုတ် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) မြေကို လက်ရောက်သိမ်းဆည်းခြင်းနှင့် မြေလွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ စတင်သည်နှင့် တစ်ပြိုင်တည်း မြေပိုင်ဆိုင်ခွင့်ရှိသူအား ပြန်လည်နေရာချထားခြင်းလုပ်ငန်းစဉ်များ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊

( ခ ) အိမ်ရာအဆောက်အအုံတည်ထောင်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ အိမ်ထောင်စုများ၏ လူမှုဘဝတည်ထောင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ကူညီပံ့ပိုးမှုများ၊ ရပ်ကွက်နှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများနှင့် အခြားလိုအပ်ချက်များစသည်တို့ ပါဝင်သည့် ပြန်လည်နေရာချထားခြင်းလုပ်ငန်းစဉ်များ၊

( ဂ ) သိမ်းဆည်းမြေကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးမှု စသည်တို့ပါဝင်သည့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များ။

၄၇။ ပုဒ်မ ၄၆ ပါ ပြန်လည်နေရာချထားခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မြေလက်ရောက်လွှဲအပ်ချိန်တိုင်အောင် အသင့်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသည် မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် ညှိနှိုင်းသဘောတူညီချက်အရ ယာယီနေထိုင်ရပ်တည်မှုအတွက် ရွှေ့ပြောင်းနေရာချထားစရိတ်မှကျခံ၍ စီစဉ်ဆောင်ရွက်ပေးရမည်။

၄၈။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) အရ ညှိနှိုင်းသဘောတူညီချက်ကို အခြေခံပြီး ပုဒ်မ ၄၆ ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် လိုအပ်ပါက -

(က) ပြောင်းရွှေ့နေရာချထားခြင်းကြောင့် မြေပိုင်ဆိုင်ခွင့်ရှိသူများနှင့် ယင်းနေရာရှိ မူလဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုရေးဘဝများ၊ သဘာဝပတ်ဝန်းကျင်တို့ ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရမည်။

(ခ) မြေပိုင်ဆိုင်ခွင့်ရှိသူက မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘော တူညီချက်အရ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ အခွင့်အရေးများအနက် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အစီအစဉ်တစ်ရပ်ရပ်ခံစားခွင့် သို့မဟုတ် လုပ်ငန်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ကို တောင်းဆိုသည့် အခါ ရရှိခဲ့သည့် ညှိနှိုင်းသဘောတူညီချက် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၄၉။ ဗဟိုကော်မတီသည် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့မှ ကြိုတင်ညှိနှိုင်း သဘောတူညီမှုရရှိမထားသည့် လုပ်ငန်းစဉ်များအပေါ် ကိစ္စရပ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက် ရမည့် ကိစ္စရပ်နှင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ခွဲခြားတာဝန် ပေးအပ်ခွင့်ရှိသည်။

၅၀။ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသား လူနည်းစုများနှင့်ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့်ရှိသူများ အပါအဝင် ထိခိုက်နစ်နာလွယ်သူများကို ထိခိုက်နစ်နာမှု မရှိစေရန် အထူးဂရုပြု၍ စီစဉ်ဆောင်ရွက်ရမည်။

## **အခန်း (၁၀)**
## **အဆောတလျင်မြေသိမ်းဆည်းခြင်း**

၅၁။ (က) ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူအကျိုး အလို့ငှာ အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းက ပုဒ်မ ၈ နှင့် ၉ တို့အရ အဆိုပြုသည့်မြေကို လက်ရောက်အဆောတလျင် မြေသိမ်းဆည်းခြင်း ပြုလုပ်ရေးအတွက် ဆက်လက်ဆောင်ရွက်စေနိုင်သည် -

(၁) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကိစ္စရပ်များတွင် အရေးပေါ်အခြေအနေအရ နေရာ ချထားဆောင်ရွက်ရန် လိုအပ်ခြင်း၊

(၂) ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် ရုတ်တရက်ပြောင်းလဲလာသည့် အခြေအနေ အရ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ဆက်သွယ် ရေးတို့အတွက် မြေတစ်ရပ်ရပ်ကို အဆောတလျင် အသုံးပြုရန် လိုအပ်ခြင်း၊

(၃) သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ သို့မဟုတ် ကျရောက်နိုင်သည့်အခြေ အနေရှိသည့်အခါတွင် အများပြည်သူကို ပြောင်းရွှေ့နေရာချထားပေးရန် လိုအပ်ခြင်း၊

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီ ချက်အရ အရေးပေါ်နေရာချထားရေး ဆောင်ရွက်ရန် လိုအပ်ခြင်း။

(ခ) ဗဟိုကော်မတီသည် သိမ်းဆည်းရန်အဆိုပြုသည့် မြေကိုလက်ရောက်အဆောတလျင် မြေသိမ်း ဆည်းခြင်းပြုလုပ်ရေးအတွက် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ကို ဆောလျင်စွာပြုလုပ်ပြီး ပုဒ်မ ၃၁ နှင့်အညီ အများပြည်သူ သိရှိရန် အဆိုပြုသည့်မြေကို အဆော တလျင် သိမ်းဆည်းကြောင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

(ဂ) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ အဆော တလျင် သိမ်းဆည်းသည့် မြေနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနက မြေကိုသိမ်းယူမည်

ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် လျော်ကြေးနှင့် နစ်နာကြေးများ ဆောင်ရွက်မှု မရှိသေးစေကာမူ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲအား တာဝန်ပေးပြီး အဆိုပြုမြေကို လက်ရောက် အဆောတလျင် မြေသိမ်းဆည်းခြင်း ပြုနိုင်သည်။

၅၂။ အဆောတလျင် မြေသိမ်းဆည်းခြင်းပြုရာတွင် သိမ်းဆည်းမည့် မြေများနှင့်စပ်လျဉ်း၍ အောက်ပါ မြေများကို ဦးစားပေး စိစစ်သိမ်းဆည်းရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်လျာထားသတ်မှတ် ထားသည့်မြေများ၊

(ခ) မြေသိမ်းဆည်းမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ပေါ်စေနိုင်သည့် မြေများ၊

(ဂ) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှုတစ်စုံတစ်ရာ မရှိသေးသည့်မြေများ။

၅၃။ အဆောတလျင် မြေသိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ -

(က) ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူ မည်သူမျှ ထိခိုက်နစ်နာသူထံ ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ ထိုမြေပေါ်သို့ ဝင်ရောက်ခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေကို လက်ရောက် သိမ်းဆည်းခြင်းတို့ကို မပြုရ။

(ခ) ထိခိုက်နစ်နာသူက လျော်ကြေးနှင့် နစ်နာကြေးများကို တောင်းဆိုသည့်အခါ အချိန်မီဆောင်ရွက် ထုတ်ပေးနိုင်မှုမရှိပါက သိမ်းဆည်းပြီးနောက် ပုံမှန်သိမ်းဆည်းမှုများကဲ့သို့ ရွှေ့ပြောင်းနေရာ ချထားစရိတ် အပါအဝင် လျော်ကြေးနှင့် နစ်နာကြေးများကို ပြန်လည်တွက်ချက် ထုတ်ပေးရမည်။

(ဂ) လျော်ကြေးနှင့် နစ်နာကြေးများကို ထုတ်ပေးရာတွင် သာမန်မြေသိမ်းဆည်းခြင်း လုပ်ထုံးလုပ်နည်း များကို အဆောတလျင် ပြုလုပ်ရသဖြင့် ပိုမို၍ထိခိုက်နစ်နာမှုရှိနိုင်သည့်အတွက် မြေပိုင်ဆိုင်ခွင့် ရှိသူအား မြေ၏ဒေသကာလတန်ဖိုးအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍သော်လည်းကောင်း၊ သိမ်းဆည်းသည့်မြေတွင် ဆက်နွှယ်ပတ်သက်သူအား ထိခိုက်နစ်နာမှုတန်ဖိုးပမာဏအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍သော်လည်းကောင်း ပေးရမည်။

(ဃ) မြေပေါ်တွင် အဆောက်အအုံရှိပါက ထိုအဆောက်အအုံ၏ ဒေသကာလတန်ဖိုးကို မြေပိုင်ဆိုင်ခွင့် ရှိသူအား ပေးရမည်။ ထို့ပြင် မြေတွင် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များရှိပါက ထိုအပင်များ၏ တစ်နှစ်အတွင်း အကျိုးခံစားရမည့် ကာလတန်ဖိုး၏သုံးဆကို ထပ်ဆောင်း၍ ထိခိုက်နစ်နာသူအား ပေးရမည်။

(င) မြေပိုင်ဆိုင်ခွင့်ရှိသူက ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်ကို ညှိနှိုင်းတောင်းဆိုသည့်အခါ ဤဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၁၁)
## ယာယီမြေသိမ်းဆည်းခြင်း

၅၄။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူအကျိုး အလို့ငှာ အောက်ပါကိစ္စရပ်များအတွက် ငါးနှစ်ထက်မပိုစေဘဲ ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း ယာယီမြေသိမ်းဆည်းရန်လိုအပ်ကြောင်း အသိပေးသည့်အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် အသိပေး ကြေညာခြင်းတို့ပြုလုပ်ပြီး ယာယီမြေသိမ်းဆည်းခြင်းကို ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် စစ်ဆင်ရေးများအတွက် ယာယီအသုံးပြုရန်လိုအပ်သည့် ကိစ္စရပ်များ၊

(ခ) နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ရပ်အတွက် စီမံကိန်းကာလအတွင်းသာ ယာယီအသုံးပြုရန် လိုအပ်သည့်ကိစ္စရပ်များ၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်တွင်းပြည်ပပုဂ္ဂလိက၊ ကုမ္ပဏီများသို့ စီမံကိန်းတစ်ရပ်ရပ်ကို နည်းလမ်းတစ်ရပ်ရပ်အရ ချထားဆောင်ရွက်စေရာတွင် စီမံကိန်းကာလအတွင်းသာ ယာယီလိုအပ်မည့် ကိစ္စရပ်များ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ယာယီအသုံးပြုရန်လိုအပ်သည့် ကိစ္စရပ်များ။

၅၅။ ယာယီမြေသိမ်းဆည်းခြင်းအတွက် အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းဆည်းရမည် -

(က) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှုတစ်စုံတစ်ရာ မရှိသေးသည့်မြေများ၊

(ခ) မြေသိမ်းဆည်းမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ပေါ်စေနိုင်သည့် မြေများ။

၅၆။ ပုဒ်မ ၅၄ အရ ယာယီမြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်းအသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ပြုလုပ်ပြီးနောက် မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ထိခိုက်နစ်နာသူထံ မည်သည့်မြေများကို မည်သည့်ကာလအပိုင်းအခြားအထိ မည်သည့်ကိစ္စရပ်အလို့ငှာ ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာပူးတွဲ၍ အသိပေးအကြောင်းကြားစာ ပေးပို့ရမည်။ ထို့ပြင် ယာယီမြေသိမ်းဆည်းသည့်ကာလအတွက် ပေးအပ်ရမည့်နစ်နာကြေးနှင့် သတ်မှတ်အခကြေးငွေတို့ကို ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘောတူညီချက်ရယူရမည်။

၅၇။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က ယာယီမြေသိမ်းဆည်းခြင်းအတွက် ပေးလျော်ရန် ဆုံးဖြတ်သည့် နစ်နာကြေးနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူများက ကျေနပ်မှုမရှိသဖြင့် သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းရန် တောင်းဆိုလျှောက်ထားခြင်း၊ မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းခြင်းနှင့် တရားရုံးက ထိုလွှဲအပ်လွှာအမှုတွင် စုံစမ်းစစ်ဆေးပြီး အမိန့်နှင့် စီရင်ချက်ချမှတ်ခြင်းတို့ကို ပုဒ်မ ၄၁၊ ၄၂၊ ၄၃ နှင့် ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၈။ ယာယီမြေသိမ်းဆည်းခြင်းကာလလွန်မြောက်ပြီးနောက် မြေကို ပြန်လည်အပ်နှံချိန်တွင် အသုံးပြုမှုကြောင့် မြေတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပါက ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် နစ်နာကြေးပေးလျော်ရမည်။

## အခန်း (၁၂)
## သိမ်းဆည်းပြီး လွှဲပြောင်းပေးခဲ့သည့်မြေများကို နိုင်ငံတော်က ပြန်လည်ရယူခြင်း

၅၉။ မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းက မည်သည့် ရည်ရွယ်ချက်အတွက် မြေကိုသိမ်းဆည်းခဲ့စေကာမူ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင် ယင်းမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်မှ ပြန်လည်ရယူနိုင်သည် -

(က) သိမ်းဆည်းထားသည့်မြေတွင် နိုင်ငံတော်အတွက် သမိုင်းတန်ဖိုးကြီးမြင့်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာတူးဖော်ရန်အလို့ငှာ မဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့် သိမ်းဆည်းမြေတွင် အဖိုးတန်သယံဇာတနှင့် ကြွယ်ဝသတ္တုသိုက်များ တွေ့ရှိခြင်း၊

(ဂ) မူလကတိကဝတ် အာမခံချက်ပြုထားသည့်အတိုင်း လူမှုစီးပွားရေး ထိခိုက်နစ်နာစေမှုထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု တားဆီးကာကွယ်ရေးအစီအမံများကို လိုက်နာဆောင်ရွက်ရန်

ပျက်ကွက်မှုကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးထိခိုက်စေမှုများဖြစ်ပေါ်ခြင်း၊ လူမှုစီးပွားရေးအခြေအနေများ ယိုယွင်းထိခိုက်နစ်နာစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးစေခြင်း၊

(ဃ) မူလရည်ရွယ်သည့်အတိုင်း စီမံကိန်းသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်း၊

(င) လျာထားချက်အတိုင်း အသုံးမပြုခြင်း သို့မဟုတ် အသုံးပြုရန် မလိုအပ်တော့ခြင်း၊

(စ) အသုံးပြုရန် လိုအပ်သည်ထက် ပိုမိုရယူထားကြောင်း စိစစ်တွေ့ရှိခြင်း၊

(ဆ) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သဘောတူညီထားသည့်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးမှုမရှိခြင်းနှင့် ပျက်ကွက်ခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းခြင်းရာတစ်ရပ်ရပ်ကြောင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို ပြန်လည်ဖျက်သိမ်းခြင်း။

၆၀။ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) မှ (ဆ) အထိ ကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းဆည်းခြင်းဖြစ်ပါက မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသည် မြေသိမ်းဆည်းမှုကုန်ကျစရိတ် အရပ်ရပ်ကို ပြန်လည်တောင်းခံပိုင်ခွင့် မရှိစေရ။

၆၁။ အများပြည်သူအကျိုးအလို့ငှာ ရည်ရွယ်၍ လုပ်ငန်းတစ်ရပ်ရပ်ဆောင်ရွက်ရန် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသည် -

(က) သိမ်းဆည်းခဲ့သောမြေကို အသုံးမပြုတော့လျှင်ဖြစ်စေ၊ အသုံးမလိုတော့လျှင်ဖြစ်စေ၊ ဆက်လက်အသုံးပြုရန် အကြောင်းမရှိတော့လျှင်ဖြစ်စေ နိုင်ငံတော်သို့ စနစ်တကျ ပြန်လည်အပ်နှံရမည်။

(ခ) သိမ်းဆည်းခဲ့သောမြေကို ရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း အသုံးမပြုသည့်အခါဖြစ်စေ၊ ဗဟိုကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားလွှဲပြောင်းလျှင်ဖြစ်စေ မြေသိမ်းဆည်းခြင်းသည် ပျက်ပြယ်ပြီး ထိုမြေသည် နိုင်ငံတော်၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပြန်လည်အပ်နှံသည့် မြေ သို့မဟုတ် ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည့် မြေနှင့်စပ်လျဉ်း၍ မြေသိမ်းဆည်းမှုကုန်ကျစရိတ်နှင့် ထိုမြေတွင် ရင်းနှီးမြှုပ်နှံသည့်ငွေများကို နိုင်ငံတော်ထံမှ တစ်စုံတစ်ရာ တောင်းဆိုပိုင်ခွင့် မရှိစေရ။

၆၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၆၀ အရ နိုင်ငံတော်၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည့်မြေကို အများပြည်သူအကျိုးအလို့ငှာ နိုင်ငံတော်အတွက် လိုအပ်သော စီမံကိန်းတစ်ခုခုတွင် အသုံးပြုနိုင်သည်။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသော အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်အား ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ပိတ်ပင်တားဆီးခြင်း၊

(ခ) အများပြည်သူအကျိုးအလို့ငှာ ဤဥပဒေအရ ဆောင်ရွက်လျက်ရှိသည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းစဉ်တစ်ရပ်ရပ် ထိခိုက်ပျက်ပြားစေရန် မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်ခြင်း။

၆၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ဆောင်ရွက်ချက်များကို မရိုးမဖြောင့်သော သဘောဖြင့်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသော အဖွဲ့သို့ ဖြစ်စေ၊ ပုဂ္ဂိုလ်ထံဖြစ်စေ မမှန်ကန်သော သက်သေခံချက်နှင့် အထောက်အထားများကို မမှန်ကြောင်း သိလျက်နှင့် တမင်တင်ပြကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း (၁၄)
## အထွေထွေ

၆၆။ ဤဥပဒေဖြင့် အာဏာတည်ခြင်းမှ ရုပ်စဲလိုက်သည့် The Land Acquisition Act (India Act 1, 1894) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၇။ ဤဥပဒေဖြင့် မြေသိမ်းဆည်းခြင်း မဟုတ်ဘဲ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေကိုရယူအသုံး ပြုခြင်းကြောင့် အကျိုးစီးပွားထိခိုက်နစ်နာမှုများရှိခဲ့ပါက ပုဒ်မ ၄၅ အရ လျော်ကြေး၊ နစ်နာကြေးပေးခြင်း ကိစ္စမှအပ မြေတွင် ထိခိုက်နစ်နာသူတို့အား ဤဥပဒေပါ လျော်ကြေး၊ နစ်နာကြေးပေးခြင်းနှင့် မြေပိုင်ဆိုင်ခွင့် ရှိသူအား ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်ရမည်။

၆၈။ ဤဥပဒေအရ မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ -

(က) ထိခိုက်နစ်နာသူတို့အား ပေးလျော်သည့် လျော်ကြေးနှင့် နစ်နာကြေးတို့အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရှိသည်။

(ခ) မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့် မြေပိုင်ဆိုင်ခွင့်ရှိသူတို့ ချုပ်ဆိုသည့် စာချုပ် စာတမ်းအပေါ်တွင် တံဆိပ်ခေါင်းခွန်ကိုလည်းကောင်း၊ ပုဒ်မ ၄၁ အရ လွှဲအပ်လွှာတင်သွင်းရန် တောင်းဆိုသည့် လျှောက်လွှာနှင့် ပုဒ်မ ၄၂ အရ တရားရုံးသို့ တင်သွင်းသည့် လွှဲအပ်လွှာတို့တွင် ရုံးခွန်တံဆိပ်ခေါင်းကိုလည်းကောင်း ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။ ထို့ပြင် အဆိုပါ စာချုပ်စာတမ်းကိုဖြစ်စေ၊ တောင်းဆိုသည့်လျှောက်လွှာကိုဖြစ်စေ၊ လွှဲအပ်လွှာကိုဖြစ်စေ၊ တရား ရုံး၏စီရင်ချက်နှင့်အမိန့်ကိုဖြစ်စေ မိတ္တူလျှောက်ထားရာတွင် အခကြေးငွေပေးဆောင်ခြင်းမှလည်း ကင်းလွတ်စေရမည်။

၆၉။ ပုဒ်မ ၆၃ နှင့် ၆၄ တို့အရ အရေးယူသော ပြစ်မှုတစ်ရပ်ရပ်ကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၁။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ The Land Acquisition Act (India Act 1, 1894) သည် အာဏာတည်ခြင်းမှ ရုပ်စဲစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၆၄/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင် တာဝန်ထမ်းဆောင်ခြင်း မပြုမီ ပြည်ထောင်စုလွှတ်တော် နာယကရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ခ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်ထမ်းဆောင်ခြင်းမပြုမီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(၁) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများက နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် တရားခွင်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

ခြွင်းချက်။ တရားသူကြီးများသည် ဥပဒေတစ်ရပ်ရပ်အရ ကျမ်းသစ္စာပြုရန် ကင်းလွတ်ခွင့်ရှိသူဖြစ်ပါက ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသော အမှုများကို တရားသူကြီးတစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ရက်)

**မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေ (မူကြမ်း)

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)

၁၃၈၁ ခုနှစ်၊    လ    ရက်

(၂၀၁၉ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသောလျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်သည့်နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ဆိုသည်။

(ဃ) **လှိုင်းနှုန်းစဉ်**ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ် လှိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(င) **သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများ**ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့်သက်ဆိုင်သောဥပဒေများ၊ စာပို့တိုက်ကဏ္ဍနှင့်သက်ဆိုင်သောဥပဒေများအားလုံးပါဝင်သည်။

(စ) **လိုင်စင်**ဆိုသည်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများနှင့်အညီ သက်ဆိုင်ရာက ထုတ်ပေးသောလိုင်စင်တစ်ခုခုကို ဆိုသည်။

(ဆ) **ခွင့်ပြုချက်**ဆိုသည်မှာ ဤဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာက ထုတ်ပေးသော ခွင့်ပြုချက်များကို ဆိုသည်။

(ဇ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ ဤဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများနှင့်အညီ သက်ဆိုင်ရာက ထုတ်ပေးသောသက်သေခံလက်မှတ်ကို ဆိုသည်။

(ဈ) **ကွန်ဗင်းရှင်း**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို ဆိုသည်။

(ည) **သဘောတူစာချုပ်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်တွင်းအစိုးရဌာန၊ အဖွဲ့အစည်းအချင်းချင်းအကြားသော်လည်းကောင်း၊ ပြည်တွင်းအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့် ပြည်ပနိုင်ငံတစ်ခုခု၏ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတို့အကြားသော်လည်းကောင်း ချုပ်ဆိုသည့် သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာတို့လည်း ပါဝင်သည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ရွေးချယ်ရေးကော်မတီ**ဆိုသည်မှာ ကော်မရှင်ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်း စိစစ်ရွေးချယ်အဆိုပြုတင်ပြနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် ကော်မတီကို ဆိုသည်။

(ဍ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျကြီးကြပ်ကွပ်ကဲမည့် လွတ်လပ်သောအဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန်၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်၊

(ဂ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တိုက်ကဏ္ဍတို့၌ နည်းပညာနှင့်ကျွမ်းကျင်မှုကို အခြေခံသည့် မျှတ၍ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(ဃ) လွတ်လပ်သောရန်ပုံငွေတစ်ရပ်ထူထောင်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍနှင့် စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန်၊

(င) နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် သုံးစွဲသူများ၏ ယုံကြည်မှုကို ရရှိစေရန်၊

(စ) ဆက်သွယ်ရေးဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် -

(က) ဤဥပဒေအာဏာတည်သည့်နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ဖွဲ့စည်းပေးရမည်။

(ခ) ကော်မရှင်ကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပညာရှင်၊ ဥပဒေပညာရှင်နှင့် စီးပွားရေးပညာရှင်များပါဝင်စေလျက် သုံးဦးထက်မနည်း ငါးဦးထက်မပိုဘဲ ဖွဲ့စည်းရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်များအနက်မှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ဃ) ကော်မရှင်ရုံးအဖွဲ့ အကြီးအမှူးကို ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း ရွေးချယ်ရေးကော်မတီကို ဤဥပဒေအာဏာတည်ပြီး ရက်ပေါင်း ၃၀ အတွင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် -

(က) ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်ဦး၊

(ဂ) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်တစ်ဦး။

၆။ ရွေးချယ်ရေးကော်မတီသည် ကော်မတီဖွဲ့စည်းပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစည်းအဝေးခေါ်ယူပြီး ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းကို ပုဒ်မ ၉ နှင့်အညီ နိုင်ငံတော်သမ္မတထံ အချိန်မီတင်ပြနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၇။ (က) ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုလိုသူများသည် အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

(၁) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(၂) အသက် ၄၀ နှစ် ပြည့်ပြီးသူ၊

(၃) ဆက်သွယ်ရေးအင်ဂျင်နီယာပညာရပ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာပညာရပ်၊ စီးပွားရေးပညာရပ် သို့မဟုတ် ဥပဒေပညာရပ်ဖြင့် ဘွဲ့ရရှိပြီး ၎င်းပညာရပ်နှင့်သက်ဆိုင်သည့်ကဏ္ဍတွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁၅ နှစ် ရှိပြီးသူ။

(ခ) အောက်ပါအချက်တစ်ရပ်ရပ်ဖြင့် အကျုံးဝင်နေသူတစ်ဦးဦးကို ကော်မရှင် အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုခွင့်မရှိစေရ -

(၁) အဆိုမပြုမီ ၂၄ လ ကာလအတွင်း ကော်မရှင်၏လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရေးအပေါ်တွင် ထိခိုက်စေနိုင်သည့် လုပ်ငန်းတာဝန်တစ်ခုခုထမ်းဆောင်ခဲ့ခြင်း၊ အကျိုးစီးပွားများရယူထားသူဖြစ်ခြင်း သို့မဟုတ် ရယူခံစားခဲ့သူဖြစ်ခြင်း၊

(၂) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ကြေညာခံထားရသူဖြစ်ခြင်း သို့မဟုတ် လူမွဲစာရင်းခံယူသူဖြစ်ခြင်း၊

(၃) အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုတစ်ခုခုဖြင့် ထောင်ကျခံဖူးသူဖြစ်ခြင်း၊

(၄) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရသူဖြစ်ခြင်း၊

(၅) သာသနာ့ဝန်ထမ်းသူဖြစ်ခြင်း။

၈။ ရွေးချယ်ရေးကော်မတီသည် -

(က) ပုဒ်မ ၇ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကော်မရှင်အဖွဲ့ဝင်လောင်း အဆိုပြုလွှာများကို ဦးစီးဌာန၏ ဝက်ဘ်ဆိုက်နှင့် သတင်းမီဒီယာများမှတစ်ဆင့် ခေါ်ယူရမည်။

(ခ) စုစည်းရရှိသော အဆိုပြုလွှာများကို ပုဒ်မ ၇ နှင့်အညီ စိစစ်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ အဆိုပြုတင်ပြရာတွင် အောက်ပါအရည်အချင်းသတ်မှတ်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ကိုက်ညီသူကို ဦးစားပေးရွေးချယ်ရမည် -

(၁) သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် နာမည်ဂုဏ်သတင်း ကျော်စောထင်ရှားသူ၊

(၂) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် လုံလောက်သော ဗဟုသုတနှင့်ပြည့်စုံသူ၊

(၃) ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) ပါ ပညာရပ်နယ်ပယ်တစ်ခုထက်ပို၍အတွေ့အကြုံနှင့် ဗဟုသုတပြည့်စုံသူ။

၉။ ရွေးချယ်ရေးကော်မတီသည် -

(က) ပုဒ်မ ၈ အရ စိစစ်ပြီးနောက် အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသူ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၀ ဦး၏ အမည်စာရင်းအား ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် နိုင်ငံတော်သမ္မတထံသို့ အဆိုပြုတင်ပြရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် တင်ပြလာသည့် အဆိုပြုလွှာများလုံလောက်စွာရရှိခြင်းမရှိပါက ရွေးချယ်ရေးကော်မတီသည် ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် သင့်လျော်သည်ဟုယူဆသည့် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသောပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတထံသို့ အဆိုပြုတင်ပြနိုင်သည်။

၁၀။ နိုင်ငံတော်သမ္မတသည် -

(က) ရွေးချယ်ရေးကော်မတီမှ အဆိုပြုတင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း ကျန်ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ရွေးချယ်ခန့်အပ်ရမည်။

(ခ) ရွေးချယ်ရေးကော်မတီက အဆိုပြုတင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်ခြင်းမရှိဟု ယူဆသည့် ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းကို ပြန်လည်အဆိုပြုတင်ပြရန် ရွေးချယ်ရေးကော်မတီအား ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ရွေးချယ်ရေးကော်မတီက ပြန်လည်တင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများကို ပုဒ်မခွဲ (က) နှင့်အညီ ရွေးချယ်ခန့်အပ်ရမည်။

၁၁။ (က) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏သက်တမ်းသည် ရွေးချယ်ခန့်အပ်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ်လည်းကောင်း သတ်မှတ်သည်။

(ဂ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် အချိန်ပြည့် တာဝန်ထမ်းဆောင်ရမည်။

(ဃ) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေ၊ စရိတ် စသည်တို့ကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်ရန်ပုံငွေမှ ကျခံရမည်။

(င) ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့် မရှိစေရ။

၁၂။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့်နေ့ရက်မှစ၍ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပြည်တွင်း ပြည်ပဌာနအဖွဲ့အစည်းနှင့် လုပ်ငန်းများတွင် လုပ်ကိုင်နေသူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

(ဂ) နည်းပညာ၊ လုပ်ငန်းအတွေ့အကြုံများနှင့် အသိပညာမျှဝေခြင်းကိစ္စရပ်တို့မှတစ်ပါး နိုင်ငံတော်သမ္မတ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရှိဘဲ အခြားသောလုပ်ငန်းဌာနတစ်ခုခုတွင် အခကြေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

၁၃။ ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၁၄။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၁၅။ ရွေးချယ်ရေးကော်မတီသည် -

(က) နိုင်ငံတော်သမ္မတက ကော်မရှင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ရက်ပေါင်း ၉၀ အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

(ခ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်တွင် တာဝန်ပြီးဆုံးသည်။

၁၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးနေရာ လစ်လပ်ရန်အကြောင်းပေါ်ပေါက်ပါကလည်းကောင်း၊ လစ်လပ်ပါကလည်းကောင်း ဖြည့်စွက်ခန့်ထားနိုင်ရန် ရွေးချယ်ရေးကော်မတီကို ပုဒ်မ ၅ ပါသတ်မှတ်ချက်များနှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

## အခန်း (၄)
## ကော်မရှင်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ ကော်မရှင်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဆက်သွယ်ရေးမူဝါဒများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရကို အကြံဉာဏ်ပေးခြင်း၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဂ) အရည်အသွေးပြည့်မီသော ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပြည်သူလူထုတစ်ရပ်လုံး အသုံးပြုနိုင်သည့်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်း၊

(င) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဆောင်ရွက်ခြင်း၊

(စ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ ယင်းတို့၏စည်းမျဉ်းစည်းကမ်းများ၊ လိုင်းနှုန်းစဉ်စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာမူဝါဒများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အကြံပြုချက်များပေးခြင်း၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၏ ဈေးကွက်အပြုအမူများဆိုင်ရာ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်မှ စုံစမ်းစစ်ဆေးရာတွင် လိုအပ်သည့်အကူအညီများပေးခြင်း၊

(ဇ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေအရ ဖွဲ့စည်းသော အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများအတွက် လိုင်းနှုန်းစဉ်အသုံးပြုမှုနှင့်စပ်လျဉ်း၍ စီမံချက်ရေးဆွဲရာတွင် အကူအညီပေးခြင်း၊

(ဈ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) ကော်မရှင်၏ ဘဏ္ဍာငွေများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် အခြားသောအရင်းအမြစ်များကို ထိရောက်လျော်ကန်စွာ သုံးစွဲနိုင်ရေး စီမံခန့်ခွဲခြင်း၊

(ဋ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများနှင့် သက်ဆိုင်သည့် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ပိုင်ခွင့်များ ကျင့်သုံးခြင်းနှင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း၊

(ဌ) အများပြည်သူသဘောထားတောင်းခံခြင်းနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကို ပြုစုထုတ်ပြန်ခြင်း၊

(ဍ) အများပြည်သူနှင့်သက်ဆိုင်သော အချက်အလက်များကို ကော်မရှင်ဝက်ဘ်ဆိုက်တွင် သတ်မှတ်ချက်များနှင့်အညီ တင်ပြထားရှိခြင်း၊

(ဎ) ကော်မရှင်သည် ၎င်း၏အလုပ်တာဝန်များကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ၎င်း၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်လည်းကောင်း ကွန်ဗင်းရှင်းနှင့် သဘောတူစာချုပ်တစ်ရပ်ရပ်အရ လိုက်နာဆောင်ရွက်ရမည့် မြန်မာနိုင်ငံ၏တာဝန်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း၊

(ဏ) စာပို့တိုက်ကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးကြပ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၁၈။ (က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများအရ ထုတ်ပေးသော လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုလက်မှတ်တို့သည် ဤကော်မရှင် ဖွဲ့စည်းသည့်နေ့မှစ၍ ကော်မရှင်က ထုတ်ပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုလက်မှတ် ရရှိသည့်သူများသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများ၊ နည်းဥပဒေများကို လိုက်နာရမည်။

၁၉။ ကော်မရှင်သည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည် -

(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများအရ ကော်မရှင်အား ခွင့်ပြုထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

(ခ) ပုဒ်မ ၅၀ ပါကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်း၊

(ဂ) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကော်မရှင်၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် အကူအညီများနှင့် သတင်းအချက်အလက်များကို သက်ဆိုင်သည့်ပုဂ္ဂိုလ်ထံမှ တောင်းခံရယူခြင်း၊

(ဃ) ကော်မရှင်၏ ရယူပိုင်ဆိုင်ခွင့်ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုလည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကိုလည်းကောင်း ရယူခြင်း၊ လက်ဝယ်ထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(င) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် ကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း၊

(စ) ကော်မရှင်သည် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် ရသုံးမှန်းခြေငွေစာရင်းအပါအဝင် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိခြင်း၊

(ဆ) ကော်မရှင်သည် လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများတွင်ပါဝင်သော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ပါက -

(၁) ပြည်တွင်း ပြည်ပရှိ အစိုးရဌာနအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများ၊ အသုံးပြုသူများဆိုင်ရာအဖွဲ့အစည်းများ၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် အများပြည်သူတို့နှင့်ဖြစ်စေ ဆွေးနွေးဆောင်ရွက်ခြင်း၊

(၂) ပြည်တွင်း ပြည်ပရှိ အစိုးရဌာနအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် စာချုပ်များ ချုပ်ဆိုခြင်းကို တည်ဆဲအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ခြင်း။

(ဇ) လိုအပ်ပါက ပြည်တွင်း ပြည်ပမှ အတိုင်ပင်ခံများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သောပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများပေးအပ်ခြင်း၊

(စျ) ဝန်ထမ်းများအတွက် အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့် စည်းကမ်းများကို အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ည) သက်တမ်းအရ ပယ်ဖျက်ရမည့်ကော်မရှင်ပိုင်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(ဋ) ကော်မရှင်မှပိုင်ဆိုင်သော ပစ္စည်းများအား ရောင်းချခြင်း၊ ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အငှားချထားခြင်းများအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့်သက်ဆိုင်သော လုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့် စံချိန်စံညွှန်းသတ်မှတ်ချက်များကို ထုတ်ပြန်နိုင်ခြင်း၊

(ဍ) ကော်မရှင်၏လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ပါက ပြည်တွင်း ပြည်ပကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မရှင်အစည်းအဝေးကျင်းပခြင်းနှင့် တာဝန်လွှဲအပ်ခြင်း

၂၀။ ကော်မရှင်သည် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပရမည်။

၂၁။ (က) ကော်မရှင်အစည်းအဝေးတွင် စဉ်းစားဆုံးဖြတ်ရမည့်ကိစ္စရပ်သည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ဆက်နွှယ်မှုရှိခဲ့ပါက -

(၁) ထိုပုဂ္ဂိုလ်သည် ယင်းအကျိုးခံစားခွင့်ရှိမှုကို ထုတ်ဖော်ပြောဆိုရမည်။

(၂) အဆိုပါ ထုတ်ဖော်ပြောဆိုချက်များကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။

(၃) အဆိုပါပုဂ္ဂိုလ်ကို သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်ချရာတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မရှိစေရ။

(၄) အဆိုပါပုဂ္ဂိုလ်ကို ကော်မရှင်အစည်းအဝေးအထမြောက်စေရန်အတွက် လိုအပ်သောအဖွဲ့ဝင်အဖြစ် ထည့်သွင်းရေတွက်ခြင်း မရှိစေရ။

(ခ) ဤပုဒ်မသည် ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက အများပြည်သူများနည်းတူ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးခံစားခွင့်ရှိသည့်ကိစ္စများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၂။ ကော်မရှင်သည် ဆန္ဒမဲပေးပိုင်ခွင့် သို့မဟုတ် လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည့် အာဏာမှတစ်ပါး လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကို သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်တာဝန်ပေးနိုင်သည် -

(က) ကော်မရှင်အဖွဲ့ဝင်တစ်ဦး၊

(ခ) ကော်မရှင်ရုံးအဖွဲ့၏ ရုံးဝန်ထမ်းတစ်ဦး။

၂၃။ ဤဥပဒေအရ ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းတို့တွင် ချွတ်ယွင်းချက် သို့မဟုတ် နည်းလမ်းမကျဖြစ်လျှင်သော်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦး၏ ရာထူးနေရာလစ်လပ်နေခြင်း သို့မဟုတ် ပျက်ကွက်ခြင်းဖြစ်လျှင်သော်လည်းကောင်း ကော်မရှင်၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက် သို့မဟုတ် ဥပဒေအရ ဆောင်ရွက်ခြင်းကိစ္စတစ်ရပ်ရပ်သည် တရားမဝင်မဖြစ်စေရ။

## အခန်း (၆)

## ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် ဖြည့်စွက်ခန့်ထားခြင်း

၂၄။ (က) ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်မှနုတ်ထွက်လိုပါက နုတ်ထွက်ခွင့်စာကို အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ နိုင်ငံတော်သမ္မတထံတင်ပြကာ သတ်မှတ်ချက်များနှင့်အညီ တာဝန်မှနုတ်ထွက်နိုင်သည်။

(ခ) ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် တာဝန်မှနုတ်ထွက်လိုပါက နုတ်ထွက်ခွင့်စာကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ နိုင်ငံတော်သမ္မတထံတင်ပြကာ သတ်မှတ်ချက်များနှင့်အညီ တာဝန်မှ နုတ်ထွက်နိုင်သည်။

၂၅။ ကော်မရှင်သည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး၏သက်တမ်းကုန်ဆုံးခြင်းကို သက်တမ်းကာလမကုန်ဆုံးမီ ရက်ပေါင်း ၁၈၀ ထက်နောက်မကျစေဘဲ နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၂၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်နေသည်ဟု စစ်ဆေးပေါ်ပေါက်ပါက ၎င်းအား ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်သည် -

(က) ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ စွမ်းဆောင်နိုင်မှုမရှိခြင်း၊

(ခ) ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက အများပြည်သူနည်းတူ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးခံစားခွင့်ရှိသည့်ကိစ္စများမှအပ လိုင်စင်ရရှိသူ၊ ခွင့်ပြုချက်ရရှိသူ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိသူ ပုဂ္ဂိုလ်တစ်ဦးဦးထံမှသော်လည်းကောင်း၊ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိသူတစ်ဦးဦးနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းမှသော်လည်းကောင်း အကျိုးခံစားခွင့်ရယူခြင်း၊

(ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သောဆေးအဖွဲ့၏ စစ်ဆေးချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း။

၂၇။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ဖြစ်ပေါ်ခဲ့ပါက ရာထူးတာဝန်မှ ရပ်စဲသည် -

(က) သေဆုံးခြင်း သို့မဟုတ် ရူးသွပ်ခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) သက်တမ်းကုန်ဆုံးခြင်း၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ကျခံရခြင်း။

၂၈။ ကော်မရှင်သည် ပုဒ်မ ၂၇ အရ ရာထူးတာဝန်မှရပ်စဲခြင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၂၉။ (က) အကြောင်းတစ်စုံတစ်ရာကြောင့် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးနေရာ လစ်လပ်ခြင်းအတွက် ဖြည့်စွက်ခန့်ထားနိုင်ရန် ပုဒ်မ ၁၆ အရ အသစ်ပြန်လည်ဖွဲ့စည်းသည့် ရွေးချယ်ရေးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ရွေးချယ်ထားသည့်ကော်မရှင်အဖွဲ့ဝင်လောင်း အမည်စာရင်းအား အနည်းဆုံး အရန်ပုဂ္ဂိုလ်တစ်ဦးပါဝင်စေလျက် နိုင်ငံတော်သမ္မတထံသို့ ကော်မတီဖွဲ့စည်းပြီး ရက်ပေါင်း ၉၀ အတွင်း အဆိုပြုတင်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ရွေးချယ်ရေးကော်မတီ၏ အဆိုပြုတင်ပြချက်ကို လက်ခံစဉ်းစားပြီးနောက် ပြန်လည်အဆိုပြုတင်ပြစေခြင်း သို့မဟုတ် အဆိုပြုတင်ပြလာသည့် အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်သူကို လစ်လပ်သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဖြည့်စွက်ခန့်ထားသည့် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၏သက်တမ်းသည် ခန့်အပ်သည့်နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

## အခန်း (၇)
## ကော်မရှင်ရုံးအဖွဲ့ ဖွဲ့စည်းခြင်း

၃၀။ (က) ကော်မရှင်ဖွဲ့စည်းပြီးနောက် ဦးစီးဌာန၏ ရုံးအဖွဲ့ကို မူလအတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ကော်မရှင်ရုံးအဖွဲ့အဖြစ် ပြောင်းလဲရမည်။

(ခ) ကော်မရှင်သည် ကော်မရှင်ရုံးအဖွဲ့၏ ဖွဲ့စည်းပုံကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ကော်မရှင်ရုံးအဖွဲ့သည် ကော်မရှင်ကို တာဝန်ခံရမည်။

၃၁။ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ကော်မရှင်ရုံးအဖွဲ့၏ အကြီးအမှူးဖြစ်ပြီး ကော်မရှင်၏ အတွင်းရေးမှူးဖြစ်သည်။

(ခ) ကော်မရှင်အတွင်းရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ချိန်တွင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၂။ ကော်မရှင်သည် ကော်မရှင်ရုံးအဖွဲ့အကြီးအမှူး၏ လုပ်ငန်းတာဝန်များကို သီးခြားသတ်မှတ်ပေးရမည်။

၃၃။ ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးသည် ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ကော်မရှင်ရုံးဝန်ထမ်းများကို ကော်မရှင်ရုံးအဖွဲ့၏ ဖွဲ့စည်းပုံနှင့်အညီ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများအား ဖြည့်တင်းခန့်အပ်နိုင်သည်။

(ခ) ကော်မရှင်ရုံးဝန်ထမ်းများ၏ အရည်အချင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်းတာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

(ဂ) ကော်မရှင်ရုံးဝန်ထမ်းများအား ခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်ရုံးဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ကော်မရှင်သည် -

(က) ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအလို့ငှာ ပြည်တွင်းပြည်ပ၌ ကျင်းပသောအခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများတက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) တည်ဆဲလူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်ခွင်ထိခိုက်မှုအာမခံအကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေးအကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဃ) ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများက ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်း၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

၃၅။ ကော်မရှင်ရုံးအဖွဲ့ကို ဦးစီးဌာန၏ ဝန်ထမ်းများဖြင့် ကနဦးဖွဲ့စည်းရာတွင် ယင်းဝန်ထမ်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း စီမံဆောင်ရွက်ရမည် -

(က) ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရဖွဲ့စည်းသော ကော်မရှင်ရုံးအဖွဲ့သို့ ၎င်းတို့၏ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများကို ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့် ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသောဝန်ထမ်းများကို ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးရမည်။

(ဂ) ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများသည် မူလနိုင်ငံ့ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပြီးဖြစ်ရမည်။

(ဃ) ကော်မရှင်ဖွဲ့စည်းသည့်နေ့ရက်မတိုင်မီ ပင်စင်ခံစားလျက်ရှိသောပုဂ္ဂိုလ်များအတွက်လည်းကောင်း၊ ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက်လည်းကောင်း၊ ကော်မရှင်ရုံးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ဝန်ထမ်းများအတွက်လည်းကောင်း လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ ပင်စင်တို့ကို တည်ဆဲဥပဒေများနှင့်အညီ ပင်စင်ဦးစီးဌာနမှ လျာထားကျခံ ဆောင်ရွက်ပေးရမည်။

၃၆။ ကော်မရှင်သည် ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းသည့် ကော်မရှင်ရုံးအဖွဲ့၏ ဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေနှင့် အငြိမ်းစားယူမှုနှင့်သက်ဆိုင်သည့် လုပ်သက်ဆုကြေးဆိုင်ရာကိစ္စရပ်များကို ကော်မရှင်တွင် ယင်းတို့တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ကော်မရှင်ရန်ပုံငွေ၏ အသုံးစရိတ်ခေါင်းစဉ်အောက်မှ ကျခံခွင့်ပြုပေးရမည်။

၃၇။ ဦးစီးဌာန သို့မဟုတ် ကော်မရှင်ရုံးအဖွဲ့သည် ရွေးချယ်ရေးကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## ရန်ပုံငွေထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၃၈။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ ကျင့်သုံးဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ကော်မရှင်၏ ဘဏ္ဍာရန်ပုံငွေကို ထူထောင်နိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က ကနဦးမတည်ထုတ်ပေးထားသော ထောက်ပံ့ငွေများ၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများအရ ကောက်ခံသော လိုင်စင်ဆိုင်ရာအခကြေးငွေများ၊ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခ၊ အခကြေးငွေ၊ ဒဏ်ကြေးငွေ၊ စည်းကြပ်ခ၊ အဖိုးအခများ၊

(ဂ) ပုဒ်မ ၄၁ အရ ချန်လှပ်ထားသောငွေများ၊

(ဃ) နိုင်ငံတစ်နိုင်ငံ၏အကူအညီ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသော သီးခြားအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများ၊ လှူဒါန်းမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အထောက်အပံ့များ၊

(င) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှ ရယူထားသော ချေးငွေများ၊

(စ) ကော်မရှင်က ပိုင်ဆိုင်သောပစ္စည်းများအား ရောင်းချခြင်း၊ ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် အငှားချထားခြင်းများမှ ရရှိသောဝင်ငွေများ၊

(ဆ) ကော်မရှင်က ရရှိသည့်တိုးပွားငွေများ။

၃၉။ ကော်မရှင်သည် ဦးစီးဌာနထံမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်၏ ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့် နိုင်ငံတော်၏ မတည်ထုတ်ပေးထားသော ငွေများစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

၄၀။ ကော်မရှင်သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းရငွေ၊ သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့်အညီ သီးခြား ထည့်သွင်း၍ ဖော်ပြရမည်။

၄၁။ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ထက်ကျော်လွန်၍ ဝင်ငွေရရှိသည့်အခါ ကော်မရှင်သည် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မိမိ၏စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များအတွက် ငွေလုံးငွေရင်း အသုံးစရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ အခွန်အခနှင့် ပုဒ်မ ၄၃ (က) ပါ ရန်ပုံငွေများကို လျာထားချန်လှပ်ပြီး ပိုလျှံသည့်ငွေကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၄၂။ ကော်မရှင်ရန်ပုံငွေကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း သုံးစွဲနိုင်သည် -

(က) ကော်မရှင်က လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်လည်းကောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လည်းကောင်း ကော်မရှင်က ကျခံရမည့်ကုန်ကျငွေများ၊ ဆောင်ရွက်ရန်တာဝန်များ သို့မဟုတ် တာဝန်ရှိမှုများအတွက် ပေးချေခြင်း၊

(ခ) ဤဥပဒေအရ ပေးချေရမည့် လည်ပတ်သုံးစွဲစရိတ်၊ အခွန်အခနှင့် ကုန်ကျစရိတ်များပေးချေခြင်း၊

၄၃။ (က) ကော်မရှင်သည် အောက်ပါရန်ပုံငွေများကို သီးခြားစီထူထောင်ထားရှိပြီး သတ်မှတ်ချက်များ နှင့်အညီ စီမံခန့်ခွဲနိုင်သည် -

(၁) လုပ်သက်ဆုကြေးရန်ပုံငွေ၊

(၂) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(၃) တန်ဖိုးယုတ်လျော့မှု ရန်ပုံငွေ၊

(၄) အိုနာစာရန်ပုံငွေ၊

(၅) သက်သာချောင်ချိရေးရန်ပုံငွေ၊

(၆) သုတေသနရန်ပုံငွေ၊

(၇) ဆုကြေးရန်ပုံငွေ၊

(၈) အခြားလိုအပ်သောရန်ပုံငွေ။

(ခ) ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ်တွင်လည်းကောင်း၊ ကော်မရှင်၏လုပ်ငန်းအောင်မြင်မှုအပေါ်တွင်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ တွက်ချက်ထားသောဆုကြေးကို ကော်မရှင်၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

၄၄။ (က) ကော်မရှင်သည် အောက်ပါတို့ပါဝင်သော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲရမည် -

(၁) ဘဏ္ဍာရေးနှစ်တွင် ကောက်ခံမည့် သို့မဟုတ် ရရှိမည့်ရန်ပုံငွေအားလုံး၏ ခန့်မှန်းစာရင်း၊

(၂) ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့်အသုံးစရိတ်ခန့်မှန်းစာရင်း။

(ခ) ကော်မရှင်သည် မိမိ၏ဘဏ္ဍာရေးစည်းမျဉ်းကိုရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူထားရှိပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရငွေသုံးငွေများကို စီမံခန့်ခွဲရမည်။

၄၅။ ကော်မရှင်သည် -

(က) ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။

(ခ) မိမိ၏ဘဏ္ဍာငွေ အရအသုံးစာရင်းများကို -

(၁) မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့နှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့်အညီ နိုင်ငံတကာအသိအမှတ်ပြုစာရင်းစစ်အဖွဲ့ကဲ့သို့ အဖွဲ့အစည်းတစ်ခုခုနှင့်သော်လည်းကောင်း စစ်ဆေးမှုကို ခံယူရမည်။

(၂) ပုဒ်မခွဲငယ် (၁) တွင် မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ရငွေ၊ ပေးငွေဆိုင်ရာ ဆက်စပ်မှုများရှိပါက လိုအပ်သည့်အတိုင်းအတာအရ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

၄၆။ ကော်မရှင်သည် ဤဥပဒေအရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေလိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားစာရရှိသည့်အခါ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများထံမှ ချေးငွေ၊ အထောက်အပံ့၊ အကူအညီများရယူနိုင်ပြီး ချေးငွေများ အတွက် ကော်မရှင်၏ရန်ပုံငွေမှ ပြန်လည်ပေးဆပ်ရမည်။

၄၇။ ကော်မရှင်မဖွဲ့စည်းမီ ဦးစီးဌာနက ရယူထားသောချေးငွေများကို ကော်မရှင်ရန်ပုံငွေမှ ပြန်လည် ပေးဆပ်ရမည်။

## အခန်း (၉)
## စီမံချက်ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်း

၄၈။ (က) ကော်မရှင်သည် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းကာလငါးနှစ်အတွက် လုပ်ငန်းစီမံချက်အား ရေးဆွဲပြုစုထားရှိရမည်။

(ခ) ကော်မရှင်သည် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်မှုအခြေအနေအပေါ် နှစ်စဉ် သုံးသပ်၍ လုပ်ငန်းစီမံချက်ကို လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဂ) လုပ်ငန်းစီမံချက်တွင် အောက်ပါတို့ကို အသေးစိတ်ဖော်ပြရမည် -

(၁) လုပ်ငန်းစီမံချက်ကာလအတွင်း ကော်မရှင်၏ ရည်မှန်းချက်များနှင့် ဦးစားပေးအစီအစဉ်များ၊

(၂) အဆိုပါ ရည်မှန်းချက်များအောင်မြင်ရန်အလို့ငှာ ကော်မရှင်က အကောင်အထည်ဖော်မည့် မဟာဗျူဟာများနှင့် မူဝါဒများ၊

(၃) ကော်မရှင်က ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ယူဆသည့် အခြားကိစ္စရပ်များ။

၄၉။ ကော်မရှင်သည် ဘဏ္ဍာရေးနှစ်ကုန်ပြီးနောက် ၆ လထက် နောက်မကျစေဘဲ နှစ်ပတ်လည် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၁၀)

## စုံစမ်းစစ်ဆေးခြင်း

၅၀။ (က) ကော်မရှင်သည် အောက်ပါကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည် -

(၁) လိုင်စင်ရရှိသူ၊ ခွင့်ပြုချက်ရရှိသူ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိသူတစ်ဦးဦး၏ လုပ်ဆောင်ချက် သို့မဟုတ် အကြောင်းကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီ မညီ၊

(၂) ပုဒ်မ ၂ ပုဒ်မခွဲ (င) ပါ ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်မှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်တစ်ခုခု၊

(၃) လိုင်စင်ရရှိသူ၊ ခွင့်ပြုချက်ရရှိသူ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိသူတစ်ဦးဦးက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ဝန်ဆောင်မှု ပေးရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တစ်ခုခု၊

(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဥပဒေများနှင့် သက်ဆိုင်သည့် ကိစ္စတစ်ရပ်ရပ် သို့မဟုတ် ယင်းဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုခု။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ပေးနိုင်မည်ဟု ထင်မြင် ယူဆရသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း ကော်မရှင်ထံ တင်ပြစေခြင်း ပြုနိုင်သည်။

(ဂ) ကော်မရှင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများသည် ရရှိထားသောအချက်အလက်များနှင့်စပ်လျဉ်း၍ ကော်မရှင်၏လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်၊ လုပ်ပိုင်ခွင့်ကိုကျင့်သုံးရန် သို့မဟုတ် တာဝန် များကို ထမ်းဆောင်ရန်အတွက်သာ အသုံးပြုရမည်။

၅၁။ (က) ကော်မရှင်သည် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် တွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ရေးသားပြုစု၍ စုံစမ်းစစ်ဆေးမှုပြီးလျှင်ပြီးချင်း အများပြည်သူသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်လျှင် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၁)

## အထွေထွေ

၅၂။ ဤဥပဒေအရ ကော်မရှင်ဖွဲ့စည်းပြီးသည့်နေ့ရက်မှစ၍ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဖွဲ့စည်းခြင်း (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၂၀၁၅) ကို ပယ်ဖျက်လိုက်သည်။

၅၃။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့်သက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ကျင့်သုံးရမည်။

၅၄။ ဤဥပဒေအာဏာတည်သည့်နေ့ရက်မတိုင်မီက ဦးစီးဌာန၏ လက်ဝယ်ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများ၊ တာဝန်ရှိမှုများနှင့် ဦးစီးဌာနတွင် အပ်နှင်းထားသော၊ ပေးရန်ရှိသော၊ ရရန်ရှိသော သို့မဟုတ် ပိုင်ဆိုင်သော အခွင့်အရေးအားလုံး၊ စီမံခန့်ခွဲမှုအားလုံး သို့မဟုတ် ထိန်းချုပ်မှုတစ်ရပ်ရပ်သည် ကော်မရှင်သို့ လွှဲပြောင်း အပ်နှင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၅။ ကော်မရှင်ပိုင်ငွေကြေးနှင့် ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ဤဥပဒေအာဏာတည်သည့်နေ့ရက်မတိုင်မီ ဦးစီးဌာနက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်များအားလုံး၊ စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ ရေးသားထားသော သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ထားရှိသော စာရွက်စာတမ်းများသည် ကော်မရှင်က ချုပ်ဆိုခဲ့သည့် သို့မဟုတ် ကော်မရှင်နှင့်ချုပ်ဆိုခဲ့သည့် စာရွက်စာတမ်းများအဖြစ်လည်းကောင်း၊ ဦးစီးဌာနက ထုတ်ပေးခဲ့သည့် လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုလက်မှတ်တို့သည် ကော်မရှင်မှထုတ်ပေးသော လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြုလက်မှတ်များအဖြစ်လည်းကောင်း မှတ်ယူရမည်။

၅၇။ ဤဥပဒေအရ ကော်မရှင်၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်ခြင်း သို့မဟုတ် အားထုတ်ဆောင်ရွက်ခြင်းကြောင့် ကော်မရှင်၏ပျက်ကွက်မှု သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ်အတွက် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မရှင်ရုံးအဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲခြင်း၊ အရေးယူခြင်း မရှိစေရ။

၅၈။ ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်ရုံးအဖွဲ့ ဝန်ထမ်းတစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်သည့်အခါတွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၉။ ကော်မရှင်သည် ရရန်ရှိသော နှစ်စဉ်ကြေး၊ လိုင်စင်ဆိုင်ရာ အခကြေးငွေများ၊ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခ၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကိုပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်သည်။

၆၀။ ကော်မရှင်သည် ဆက်သွယ်ရေးဥပဒေအခန်း (၁၆) (၁၇) (၁၈) တို့ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (င) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၆၁။ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကော်မရှင်သည် ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

၆၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ အဖွဲ့ဝင် ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ် **အစား** ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင်မဲဆန္ဒနယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

### ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ပယ်ဖျက်ခြင်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အောက်ဖော်ပြပါ ကော်မတီအဖွဲ့ဝင်အား မူလကော်မတီမှ ယှဉ်တွဲပါ ကော်မတီသို့ ဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | မူလကော်မတီ | ပြောင်းလဲပေးအပ်သည့်ကော်မတီ |
|---|---|---|---|
| (က) | ဦးဝင်းထွဋ်<br>ဖျာပုံ မဲဆန္ဒနယ် | ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |

၂။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်အား မူလတာဝန်မှ ယှဉ်တွဲပါအတိုင်း ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | မူလတာဝန် | ပြောင်းလဲပေးအပ်သည့်တာဝန် |
|---|---|---|---|
| (က) | ဒေါ်ယဉ်မင်းလှိုင်<br>ဂန့်ဂေါ မဲဆန္ဒနယ် | အဖွဲ့ဝင် | အတွင်းရေးမှူး |
| (ခ) | ဦးနေဖူးဗဆွေ<br>ပန်းဘဲတန်း မဲဆန္ဒနယ် | အတွင်းရေးမှူး | အဖွဲ့ဝင် |

၃။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ဦးတင်မောင်ဝင်း (ဆိပ်ကမ်း မဲဆန္ဒနယ်) အား ကော်မတီဥက္ကဋ္ဌအဖြစ်မှ ပယ်ဖျက်လိုက်သည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၆၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

### လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်ကို သုံးစွဲဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပပေးခဲ့ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများက လွှတ်တော်အသီးသီးသို့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပေးခဲ့ပါသည်။

၂။ သက်ဆိုင်ရာလွှတ်တော်အလိုက် ကျင်းပပြုလုပ်သော အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံနိုင်ရန်အတွက် ပါဝင်ယှဉ်ပြိုင်လိုသူတစ်ဦးသည် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ၊ တစ်သီးပုဂ္ဂလအနေဖြင့်ဖြစ်စေ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ **လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်း၍** ဝင်ရောက်ယှဉ်ပြိုင်ကြရပါသည်။

၃။ **လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်ကို သုံးစွဲဖော်ပြခွင့်** နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂ အရ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူတစ်ဦးသည် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက်ဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ကျန်မဲဆန္ဒနယ်များအတွက်ဖြစ်ပါက ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်ဖြစ်ပါသည်။ **လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလွှာကို အထက်ဖော်ပြပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ တင်သွင်းသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ယေဘုယျသုံးစွဲခွင့်ရှိပါသည်။**

၄။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာတင်သွင်းပြီးနောက် အမည်စာရင်းတင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၄ အရ အမည်စာရင်းတင်သွင်းလွှာလက်ခံထားသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ရပြီး သတ်မှတ်ချက်များနှင့်ညီညွတ်ပါက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၆ (က) အရ **လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း သတ်မှတ်ကြေညာသည့်နေ့မှစ၍ ရွေးကောက်တင်မြှောက်ပြီးသည့်နေ့အထိ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် တရားဝင်သုံးစွဲခွင့်ရှိပါသည်။**

၅။ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့် **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၆ (ခ) အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ ပုဒ်မ ၂၆ (ခ) အရ ချမှတ်သောအမိန့်ကိုမကျေနပ်၍ အယူခံလျှောက်ထားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်/သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ငြင်းပယ်ခြင်းခံရသူသည်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်သုံးစွဲပိုင်ခွင့်မရှိပါ။ ထို့အပြင် ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်တင်မြှောက်ခြင်းမခံရသူများသည်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဆက်လက်သုံးစွဲခွင့်မရှိပါ။**

၆။ ရွေးကောက်ပွဲကျင်းပပြီးနောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်စာရင်းကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြေညာပြီးသည့်အချိန်မှစ၍ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများသည် လွှတ်တော်ကိုယ်စာလှယ်လောင်းအနေဖြင့် အောက်ဖော်ပြပါ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို ဆောင်ရွက်ခွင့်ရှိမည်မဟုတ်ပါ -

(က) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းလျှောက်ထားခြင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ အရ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားခြင်း၊

(ခ) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၃၈ အရ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပေးသွင်းသောရွေးကောက်ပွဲဝင်ခွင့် အာမခံငွေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၅၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ တို့အရ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းခြင်း၊

(ဃ) သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားခြင်း။

၇။ သို့ဖြစ်ပါ၍ ကျင်းပပြုလုပ်ပြီးဖြစ်သော အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီကိုယ်စားပြု/တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း၊ နောင်ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီကိုယ်စားပြု/တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်သုံးစွဲဖော်ပြခြင်းကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ရွေးကောက်ပွဲကာလမဟုတ်သည့်အချိန်တွင် အထက်အပိုဒ် ၆ ပါ ကိစ္စရပ်များမှအပ လွှတ်တော် ကိုယ်စားလှယ်လောင်းဟူသော အမည်ဂုဏ်ပုဒ်သုံးစွဲဖော်ပြခြင်းမပြုရန်နှင့် သုံးစွဲဖော်ပြပါက ယင်းပုဂ္ဂိုလ်၏ ပြုမူဆောင်ရွက်သည့်အကြောင်းအရာအပေါ် မူတည်ပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်ငြိစွန်းနိုင်မည် ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

## ဒီမိုကရေစီပါတီသစ် (ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ အမှတ် (၃) ရပ်ကွက်၊ ချမ်းမောအိမ်ရာ (၁၇) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရေစီပါတီသစ် (ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]** ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရေစီပါတီသစ် (ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၉) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးမြင့်မောင် ကို စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးသန်းထွန်းအောင် ကို ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအေးချို ကို ရန်ကုန်တိုင်းဒေသကြီး၊

ခရမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးလေးအောင် | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်လတ် (ခ) ဦးစိုင်းဝိုး | အဖွဲ့ဝင် (၁) |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်အမှတ်၊ ၈/၂၀၁၉ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်စိန် ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ဦးဖြိုးမင်းသူ [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၉/လဝန (နိုင်) ၂၅၅၂၂၉] အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဥပဒေဘာသာပြန်ကော်မရှင်

## အမိန့်အမှတ် (၁၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုသည့် အောက်ပါအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည် -

(က) The Carriers Act

(ခ) The Oaths Act

(ဂ) The Specific Relief Act

(ဃ) The Upper Myanmar Land and Revenue Regulations

(င) The Myanmar Divorce Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

ထွန်းထွန်းဦး

ဥက္ကဋ္ဌ

ဥပဒေဘာသာပြန်ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

အမှတ် ၅၉၆/၂၀၁၉ ။ ။ အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်း အား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများ အပြင် ကိုလံဘီယာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၉၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၈ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန် အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၁၉ အရ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အမြဲတမ်းအတွင်းဝန်နှင့် ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခံရသည့် ဦးစိုးဟန် သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဆိုင်ရာဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

အမှတ် ၅၉၈/၂၀၁၉ ။ ။ ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှစ၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး၊ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၉၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၄၂/၂၀၁၈)၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၇၂၅/၂၀၁၈)၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃၂/၂၀၁၉) တို့ဖြင့် အစမ်းခန့်ထားခဲ့သော အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၅) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | က ၃၃၂၉ ညွှန်ကြားရေးမှူး ထွန်းခိုင် | | ၁၀-၁၁-၂၀၁၈ |
| (၂) | က ၃၄၀၁ ညွှန်ကြားရေးမှူး မျိုးဦး | | ၁၂-၁၁-၂၀၁၈ |

(၃) က ၃၀၅၃ ညွှန်ကြားရေးမှူး တင်မောင်ချို ၆-၃-၂၀၁၉

(၄) က ၃၇၈၁ ညွှန်ကြားရေးမှူး ချစ်လွင် ၁၅-၃-၂၀၁၉

(၅) က ၃၇၇၈ ညွှန်ကြားရေးမှူး ဇော်စစ်အောင် ၁၈-၆-၂၀၁၉

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၉၇/၂၀၁၉)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၀၇/၂၀၁၈)၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၄၉/၂၀၁၈)၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇၇/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅၇/၂၀၁၉)၊ (၃၅၈/၂၀၁၉) တို့ဖြင့် အစမ်းခန့်ထားခဲ့သော အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂၀) ဦးတို့အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၄ (က) တို့အရ အလုပ်တာဝန်စတင်ထမ်းဆောင်ခဲ့သည့် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည် -

(၁) က ၃၅၉၅ ဦးစီးအရာရှိ ဌေးမောင်မောင် ၄-၈-၂၀၁၈

(၂) က ၃၇၅၄ ဦးစီးအရာရှိ ဝင်းဇော်မင်း ၂၄-၉-၂၀၁၈

(၃) က ၃၇၈၉ ဦးစီးအရာရှိ တင်နွယ်အေး ၅-၁၀-၂၀၁၈

(၄) က ၃၃၄၆ ဦးစီးအရာရှိ မိုးဇော်ဦး ၁၈-၁-၂၀၁၉

(၅) က ၃၇၉၆ ဦးစီးအရာရှိ လွင်မောင်မောင်ဦး ၇-၁-၂၀၁၉

(၆) က ၃၉၀၁ ဦးစီးအရာရှိ ဝင်းထွန်းနိုင် ၁၇-၁-၂၀၁၉

(၇) က ၃၅၉၆ ဦးစီးအရာရှိ စိုးသီဟ ၁၇-၂-၂၀၁၉

(၈) က ၃၇၂၂ ဦးစီးအရာရှိ ဆွေမျိုးလှိုင် ၁၃-၁-၂၀၁၉

(၉) က ၃၆၂၅ ဦးစီးအရာရှိ သန်းဝင်း ၁၄-၁-၂၀၁၉

(၁၀) က ၃၄၉၆ ဦးစီးအရာရှိ ကျော်စွာဝင်း ၂၁-၁-၂၀၁၉

(၁၁) က ၃၆၀၉ ဦးစီးအရာရှိ အေးသိန်း ၈-၄-၂၀၁၉

(၁၂) က ၃၆၈၂ ဦးစီးအရာရှိ အောင်ကျော်မင်း ၁၀-၄-၂၀၁၉

(၁၃) က ၃၆၃၃ ဦးစီးအရာရှိ လှိုင်မင်းသူ ၇-၄-၂၀၁၉

(၁၄) က ၃၇၆၇ ဦးစီးအရာရှိ ဇော်ထွန်းဦး ၂၁-၆-၂၀၁၉

(၁၅) က ၃၅၈၅ ဦးစီးအရာရှိ ဇော်မင်းသန်း ၂၇-၆-၂၀၁၉

(၁၆) က ၃၆၂၈ ဦးစီးအရာရှိ ဝင်းလှိုင်စိုး ၂၀-၆-၂၀၁၉

(၁၇) က ၃၇၆၃ ဦးစီးအရာရှိ မျိုးကျော်သူ ၁၉-၆-၂၀၁၉

(၁၈) က ၃၇၅၆ ဦးစီးအရာရှိ ကျော်လွင်ဦး ၂၁-၆-၂၀၁၉

(၁၉) က ၃၆၀၀ ဦးစီးအရာရှိ တင့်ဆွေဝင်း ၁၃-၆-၂၀၁၉

(၂၀) က ၃၇၆၇ ဦးစီးအရာရှိ သိန်းကျော် ၂၄-၆-၂၀၁၉

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၀၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ (မ ၀၄၉၅) ဒုတိယညွှန်ကြားရေးမှူး ဦးစောထွန်း အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ပင် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

အမှတ် ၁၁၂ ။　။ ဤဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀) ဖြင့် ဖွဲ့စည်းခဲ့သည့် နေပြည်တော်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီတွင် အတွင်းရေးမှူး ဦးထွန်းနိုင်ကို၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးမြင့်သင်းအောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၂၄၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

၁။　စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စက်မှုသင်တန်းကျောင်းနှင့် မြို့နယ်ဌာနဆိုင်ရာရုံးများတည်ဆောက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ မြို့မ (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၄၄ ယ/ကံကြီးကွင်း)၊ မြေအမျိုးအစား-RR၊ ဦးပိုင်အမှတ် (၁၄ ခ/၁၆) ရှိ **မြေဧရိယာ ၃၀. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၉၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃၀. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၀/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ မြောက်ကုန်းကြီးကျေးရွာအုပ်စု၊ ဟိုခဲကျေးရွာ၊ ကွင်းအမှတ်/အမည်-ကွင်းပြင်/ဟိုခဲ၊ မြေအမျိုးအစား -G၊ ဦးပိုင်အမှတ် (၂၃) ရှိ **မြေဧရိယာ ၄၅. ၁၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၃၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄၅. ၁၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၁/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ရွှေတန်ကျေးရွာအုပ်စု၊ မယင်းကျေးရွာ၊ ကွင်းအမှတ်/အမည် (၅၄၇/မယင်းအနောက်မြောက်ကွင်း)၊ မြေအမျိုးအစား-လယ်မြေ၊ ဦးပိုင်အမှတ် (၂/၃၊ ၇/၃) ရှိ **မြေဧရိယာ ၄၄. ၃၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၅၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄၄. ၃၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၂/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနက လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၀/ဒေါင်ရောက်ကွင်း)၊ မြေအမျိုးအစား-ရွာမြေ၊ ဦးပိုင်အမှတ် (၃၀၅) ရှိ **မြေဧရိယာ ၁. ၃၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ စာအမှတ်၊ ၇၁၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့် ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၃၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၃/၂၀၁၉)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမျှုးရုံးမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် [၁၃ (က)/ဘုရားကြီးကုန်းတောင်ကွင်း]၊ မြေအမျိုးအစား - လ/န (၃၉) ကျပြီး မြို့မြေ၊ ဦးပိုင်အမှတ် (၁၂) ရှိ **မြေဧရိယာ ၁. ၃၄ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၁၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမျှုးရုံးမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၃၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၄/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃၅/ရှမ်းဝိုင်းသစ်ကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၁၄၅) ရှိ **မြေဧရိယာ ၂. ၂၉၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၃၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၂၉၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့နယ်၊ လမ်းမတော်မြောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၅/ကျေးပင်တန်းအကွက်ကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (ထ/၁၁) ရှိ **မြေဧရိယာ ၂. ၅၉၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၃၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂. ၅၉၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၆/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ မြောက်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၈၄၁-ခ/ပေါ်တော်မူဘုရားကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၂၄၇) ရှိ **မြေဧရိယာ ၁. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၅၇၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၇/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်၊ မြို့လှရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆၆-ည/တောင်သာအရှေ့ကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၃. ၄၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၉၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၄၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၂၅၈/၂၀၁၉)

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၇/ချမ်းမြေ့သာယာကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၇၃) ရှိ **မြေဧရိယာ ၁. ၀၁၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၇၀၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၁၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၆၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) ဖွဲ့စည်းခြင်း

၁။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကိုဖွဲ့စည်းရေး အလုပ်ရုံဆွေးနွေးပွဲ၏ အတည်ပြုချက်အရ အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့်ပြဿနာများကိုဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင်မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်သန်းသင်း | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်သန်း | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်စိုးသိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အစိုးရအဖွဲ့ရေးရာဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဆွေဆွေနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးသက်ကိုကို | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်စိုးတင့် | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးအေးနိုင် | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ကျော်ထွန်း | ညွှန်ကြားရေးမှူး၊ အထွေထွေဌာန<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဘုန်းမြတ်သူ | ညွှန်ကြားရေးမှူး၊ မြေယာဌာန<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်လွင် | ညွှန်ကြားရေးမှူး၊ ယစ်မျိုးနှင့် အခွန်ဌာန<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ဇောလင်း | ညွှန်ကြားရေးမှူး<br>လေ့ကျင့်ရေးနှင့် သုတေသနဌာန<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါ်မီမီဝင်း | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဍ) ဦးမြတ်ထွန်းဦး — ညွှန်ကြားရေးမှူး၊ နိုင်ငံတကာရေးရာဌာန အဖွဲ့ဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ပ) ဦးထက်အောင် — ညွှန်ကြားရေးမှူး အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဏ) ဦးအောင်သိုက်ဝင်း — ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာန တွဲဖက်အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများ၏ အဂတိလိုက်စားမှုဖြစ်ပွားနိုင်ခြေရှိသော နယ်ပယ်များတွင် ဆန်းစစ်လေ့လာပြီး ဌာနအလိုက် အဂတိလိုက်စားမှု ပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများအလိုက် အဂတိလိုက်စားမှု ပြဿနာများကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖြေရှင်းရာတွင် ကြီးကြပ်ရန်နှင့် အဂတိလိုက်စားမှုကို ဖြစ်ပွားနိုင်ခြေရှိသောအချက်များအား သုံးသပ်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားရန်၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အုပ်ချုပ်ရေးလျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး သုံးသပ်ချပြ အသိပညာပေးရန်၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များအား အစီရင်ခံစာပုံစံပြုစု၍ နိုင်ငံတော်သမ္မတရုံးသို့ လစဉ်တင်ပြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားမှုပြဿနာများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို သုံးသပ်၍ ဌာနတွင်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) ဦးစီးဌာန/လုပ်ငန်းဌာနအလိုက် တည်မြဲလုပ်ထုံးလုပ်နည်း (SOP) များရေးဆွဲပြီး ပြည်သူလူထု သိသင့်သည့်အပြင် ဝန်ဆောင်မှုရယူသော ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသောအချက်များကို လက်အောက်ခံရုံးဌာနများတွင် ပွင့်လင်းမြင်သာစွာ ချပြသွားရန်၊

(ဇ) အဂတိလိုက်စားမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည်များ တင်ပြဆောင်ရွက်ရန်၊

(ဈ) အဖွဲ့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများအား လျင်မြန် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် **လိုအပ်ပါက နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ခွဲများ၊ အထူးအဖွဲ့ခွဲ** များကို ဖွဲ့စည်းတာဝန် ပေးဆောင်ရွက်ရန်၊

(ည) အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်လာသော အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သမိုင်းသုတေသနဌာန၊ သုတေသနဌာနခွဲ (၁) မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ မော်ကွန်းလက်ထောက် (၂) ဒေါ်စန္ဒာဦး အား အဆိုပါဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မော်ကွန်း) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်သီတာအောင်<br>စာကြည့်တိုက်လက်ထောက် (၂)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (ရန်ကုန်)<br>သမိုင်းသုတေသနနှင့် အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (နေပြည်တော်)<br>သမိုင်းသုတေသနနှင့် အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန |
| (ခ) | ဒေါ်ဆွေဇင်မြင့်<br>စာကြည့်တိုက်လက်ထောက် (၂)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (ရန်ကုန်)<br>သမိုင်းသုတေသနနှင့် အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အမျိုးသားစာကြည့်တိုက် (ရန်ကုန်)<br>သမိုင်းသုတေသနနှင့် အမျိုးသား<br>စာကြည့်တိုက်ဦးစီးဌာန |

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန် ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်များ**

၁။ ဤနည်းဥပဒေများကို **ရေခွန်နှင့်တာတမံခွန် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန် ဥပဒေကို ဆိုသည်။

(ခ) **လျှပ်စစ်ရေတင်လုပ်ငန်း**ဆိုသည်မှာ မြစ်၊ ချောင်း၊ ရေကန်၊ မြေအောက်ရေ၊ သဘာဝရေလှောင်ကန်များမှရေကို လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးဖြင့် အသုံးပြု၍ စိုက်ပျိုးရေးအတွက် ဦးစီးဌာနက ရေပေးဝေသော လုပ်ငန်းကို ဆိုသည်။

(ဂ) **ရေရယူသုံးစွဲသည့်ဧရိယာ**ဆိုသည်မှာ ဆည်ရေသောက်ဧရိယာ သို့မဟုတ် ရေတင်လုပ်ငန်းအမျိုးမျိုးဖြင့် ပေးဝေသော ရေသောက်ဧရိယာအတွင်း ရာသီ၊ သီးနှံအလိုက် လယ်ယာမြေပေါ်တွင် အမှန်ရေရယူသုံးစွဲသည့် ဧရိယာကို ဆိုသည်။

(ဃ) **အခွန်ပြေစာ**ဆိုသည်မှာ ရေရယူသုံးစွဲသည့်ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သောဧရိယာ အတွင်း စိုက်ပျိုးသီးနှံအလိုက် အခွန်ထမ်းထံသို့ ရေခွန် သို့မဟုတ် တာတမံခွန်စည်းကြပ်မှုအတွက် ထုတ်ပေးသည့် မှတ်တမ်းစာရွက်ကို ဆိုသည်။

(င) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကို ဆိုသည်။

**အခန်း (၂)**

**ရေခွန်နှင့် တာတမံခွန်ပေးဆောင်ရန် အခွန်နှုန်းများသတ်မှတ်ခြင်း**

၃။ ရေခွန်နှင့် တာတမံခွန် သီးနှံအလိုက် အခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ဥပဒေအခန်း (၃)၊ ပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့တွင် ဖော်ပြထားသည့်နှုန်းထားဖြင့် ကောက်ခံရမည်။

**အခန်း (၃)**

**ရေခွန်နှင့် တာတမံခွန် စည်းကြပ်မည့် အခြေခံမူ**

၄။ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ရာ၌ အောက်ပါအခြေခံမူများအရ ဆောင်ရွက်ရမည် -

(က) ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရာသီနှင့် သီးနှံအလိုက်ရေကို တိုက်ရိုက်သော်လည်းကောင်း၊ ရေစုပ်စက် သို့မဟုတ် အခြားနည်းလမ်းဖြင့်သော်လည်းကောင်း ရေရယူ၍ အမှန်စိုက်ပျိုး လုပ်ကိုင်သည့် ဧရိယာကို ရေခွန်စည်းကြပ်ရမည်။

(ခ) အခွန်စည်းကြပ်ခြင်းအတွက် ဧရိယာကို အခြေခံသည့် စံနှုန်းမှာ ဧကဖြစ်သည်၊ စည်းကြပ်ခြင်းအတွက် ဧကဒသမ (၂) နေရာဖြင့် တွက်ရမည်။

(ဂ) မြေကောင်း၊ မြေသင့်၊ မြေညံ့ခွဲခြားမှုကိုသော်လည်းကောင်း၊ စိုက်ပျိုးရေပေးမြောင်းအရင်းအဖျားခွဲခြားမှုကိုသော်လည်းကောင်း မပြုလုပ်ဘဲ အခွန်များကို တစ်ပြေးညီစည်းကြပ်ကောက်ခံရမည်။

(ဃ) ဆည်ရေသောက်ဧရိယာအတွင်းမှ ရေကိုရယူ၍ ရေတင်စိုက်ပျိုးသောဧကများအတွက် ရေခွန်ကို ရေအရင်းအမြစ်ဌာနခွဲမှ ရေတင်ခတစ်ကြိမ်သာ စည်းကြပ်ကောက်ခံရမည်။

၅။ ဆည်ရေအသုံးပြု၍ သီးနှံစိုက်ပျိုးလုပ်ကိုင်ခြင်းအတွက် နှစ်စဉ်ရေခွန်စည်းကြပ်ရမည့် အချိန်ကာလကို အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) မေ (၁) ရက်နေ့မှ အောက်တိုဘာ ၃၁ ရက်နေ့အထိ စိုက်ပျိုးသည့် မိုးကြို၊ မိုးဦးနှင့် မိုးလယ်သီးနှံများအတွက် မိုးရာသီရေခွန်အဖြစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အပြီးစည်းကြပ်ရမည်။

(ခ) နိုဝင်ဘာ (၁၅) ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ စိုက်ပျိုးသည့် မိုးနှောင်း၊ ဆောင်းနှင့် နွေသီးနှံများအတွက် နွေရာသီရေခွန်အဖြစ် မေလ ၃၁ ရက်နေ့တွင် အပြီးစည်းကြပ်ရမည်။

၆။ သက်ဆိုင်ရာ ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ရေခွန်စည်းကြပ်သည့်အချိန်တွင် ဆည်ရေနှင့် လျှပ်စစ်ရေတင်လုပ်ငန်းများ၏ ရေသောက်ဧရိယာအတွင်း သီးနှံများစိုက်ပျိုးဖြစ်ထွန်းပြီးဖြစ်ပါက သီးနှံအလိုက် ရေရယူသုံးစွဲသည့်ဧရိယာကို ရေခွန်စည်းကြပ်ဧရိယာအဖြစ် သတ်မှတ်စည်းကြပ်ရမည်။ ဆည်ရေအသုံးပြုစိုက်ပျိုးသော်လည်း ရေခွန်စည်းကြပ်ခြင်းမပြုမီ အကြောင်းအမျိုးမျိုးကြောင့် သီးနှံမအောင်မြင်ဘဲ တံစဉ်လွတ်ပျက်စီးပါက ရေခွန်စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

## အခန်း (၄)

## ရေခွန်နှင့် တာတမံခွန်စည်းကြပ်ခြင်းနှင့် စာရင်းပြုစုခြင်းနည်းလမ်းများ

၇။ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်စည်းကြပ်ခြင်းနှင့် စာရင်းပြုစုခြင်းအတွက် အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က အခွန်စည်းကြပ်ရန် လိုအပ်သော (၁၆ လက်မ = ၁ မိုင်) ကွင်းချုပ်မြေပုံနှင့် (၈လက်မ =၁ မိုင်) ကျေးရွာချုပ်ကွင်းမြေပုံ၊ စာရင်းပုံစံ-၁ ဖြင့် ပြုစုထားသည့် စိုက်ပျိုးသောသီးနှံများနှင့် အခွန်စည်းကြပ်စာရင်း၊ စာရင်းပုံစံ-၂ ဖြင့် ပြုစုထားသော ရေပေးမြောင်းနှင့် ရေထုတ်ပေါက်များမှ ရေသောက်စာရင်းတို့ကို အချိန်မီရရှိရေးအတွက် သက်ဆိုင်ရာဌာနများဖြစ်သည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့အား ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အားကွင်းအလိုက်ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် ကျေးရွာအုပ်စုချုပ်စာရင်းကို ပုံစံ-၃ ဖြင့် စာရင်းပြုစုတင်ပြစေခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ပြုစုတင်ပြလာသည့် ပုံစံ-၃ အား လက်ခံရရှိပါက စိစစ်၍ ကျေးရွာအုပ်စုအလိုက်ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် မြို့နယ်ချုပ်စာရင်းကို ပုံစံ -၄ ဖြင့် ပြုစုအတည်ပြု လက်မှတ်ရေးထိုးပြီး အဆင့်ဆင့်တင်ပြခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က စိစစ်တင်ပြသည့် အခွန်စည်းကြပ်ရန် ဆည်ရေသောက်ဧရိယာနှင့် ရေဘေးကာကွယ်သည့် ဧရိယာများကို ကွင်းမြေပုံများအခြေခံ၍စည်းကြပ်ကောက်ခံသင့်သော လယ်ယာမြေဧရိယာ သတ်မှတ်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း လိုအပ်ပါက ကွင်းဆင်းစစ်ဆေးခြင်း၊

(င) နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့် လျှပ်စစ်ရေတင်လုပ်ငန်းတို့၏ အခြေအနေ ပြောင်းလဲခြင်း ရှိ မရှိ၊ အကယ်၍ ပြောင်းလဲခြင်း ရှိလျှင် အခွန်စည်းကြပ်ရန် ဒေသတွင် ရေရရှိခြင်း ရှိ မရှိ၊ ရေဘေး ကာကွယ်နိုင်ခြင်း ရှိ မရှိ စသည်တို့ကို စိစစ်သတ်မှတ်ခြင်း၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့် လျှပ်စစ်ရေတင်လုပ်ငန်းတစ်ခုချင်းစီအတွက် ဆည်ရေသောက် ဧရိယာအတွင်း ကွင်းတစ်ကွင်းချင်းစီမှ ပုံစံ-၅ ဖြင့် ပြုစုတင်ပြလာသော မြောင်းလက်တံ/ ဦးပိုင်အလိုက်၊ သီးနှံအလိုက်၊ ရေရယူသုံးစွဲသည့်ဧရိယာနှင့် စည်းကြပ်မှု ကျေးရွာချုပ်စာရင်းကို လက်ခံရရှိပါက စိစစ်၍ သီးနှံအလိုက် ရေရယူသုံးစွဲသည့် ဧရိယာနှင့် စည်းကြပ်မှုမြို့နယ်ချုပ်စာရင်းကို ပုံစံ - ၆ ဖြင့် ပြုစု၍ အတည်ပြုလက်မှတ်ရေးထိုးပြီး အခွန်ပြေစာပြုစုနိုင်ရန် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့အား ပုံစံ-၂ နှင့် ပုံစံ-၃ တွင် ဖော်ပြသော ကွင်းအမှတ်အလိုက် ဆည်ရေပေးဝေနိုင်သည့် ဧရိယာဧက စာရင်း၊ ကျေးရွာချုပ်စာရင်း ပုံစံ-၅ တွင် ဖော်ပြသော မြောင်းလက်တံ/ဦးပိုင်အမှတ်၊ လုပ်ကိုင်သူ အမည်၊ လုပ်ကွက်ဧရိယာတို့ ကိုက်ညီမှု ရှိ မရှိ စစ်ဆေးစေခြင်း၊

(ဇ) ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း လိုအပ်လျှင် အခွန်စည်းကြပ်သည့်စာရင်းများ ထပ်မံပြုစုခြင်း၊

(ဈ) ပုံစံ-၅ နှင့် ပုံစံ-၆ တို့ကို လက်ခံရရှိပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနအား နည်းဥပဒေ ၅ အရ ဒီဇင်ဘာ ၃၁ ရက် အပြီးစည်းကြပ်ထားသော မိုးရာသီ ရေခွန်ပြေစာ များကို ဇန်နဝါရီလအတွင်းတွင် လည်းကောင်း၊ မေလ ၃၁ ရက်အပြီးစည်းကြပ်ထားသော နွေရာသီ ရေခွန်ပြေစာများကို ဇွန်လ အတွင်းတွင်လည်းကောင်း ပြုစုတင်ပြစေခြင်းနှင့် ကွင်းတစ်ကွင်းချင်းစီ အတွက် ရေခွန်စည်းကြပ်စာရင်းကို ပုံစံ-၇ ဖြင့်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုချုပ် ရေခွန်စည်းကြပ်စာရင်းကို ပုံစံ-၈ ဖြင့်လည်းကောင်း ပြေစာများနှင့်အတူ တင်ပြစေခြင်း၊

(ည) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက တင်ပြလာသော ပုံစံ-၇ နှင့် ပုံစံ-၈ တို့ကို ရရှိပါက စိစစ်ပြီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဋ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နည်းဥပဒေခွဲ (ဈ) အရ တင်ပြ လာသော အခွန်ပြေစာများရရှိသည့်အခါ ပြေစာမှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီးနောက် အခွန်ကောက်ခံမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့ထံသို့ ပြေစာများလက်ခံရရှိပြီး တစ်ပတ်အတွင်း ပေးပို့ခြင်း။

## အခန်း (၅)

## ရေခွန်နှင့် တာတမံခွန် အခွန်ထမ်းအဖြစ် သတ်မှတ်ခြင်း

၈။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ကိုက်ညီသူအား ရေခွန်နှင့်တာတမံခွန် အခွန်ထမ်းအဖြစ် သတ်မှတ်ရမည် -

(က) သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ခွင့်ပြုချက်ဖြင့် မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသူ၊ လယ်ယာ စိုက်ပျိုးလုပ်ကိုင်ရန် မြေယာမှတ်ပုံတင် ခွင့်ပြုခြင်းခံရသည့် ပုဂ္ဂိုလ်ဖြစ်ပြီး စိုက်ပျိုးရေးအတွက် ရေရယူသူ၊

(ခ) လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူထံမှ တစ်ဆင့်ခံ၍ လက်ရှိစိုက်ပျိုးရာသီတွင် ရေရယူ စိုက်ပျိုးလုပ်ကိုင်သူ သို့မဟုတ် အသုံးချသူ။

## အခန်း (၆)
## အခွန်ကောက်ခံခြင်း

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ရေခွန်နှင့် လျှပ်စစ်ရေတင်ခ ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့မှ ပေးပို့လာသော အခွန်ပြေစာများကို လက်ခံရရှိသည့်အခါ အခွန်ငွေပေးဆောင်ရန် နှိုးဆော်စာကို ပုံစံ-၉ ဖြင့်ပြုစုပြီး မိုးရာသီရေခွန်ပြေစာ များအတွက် နှိုးဆော်စာကို နှစ်စဉ် ဇန်နဝါရီလကုန်တွင်လည်းကောင်း နွေရာသီရေခွန်ပြေစာများ အတွက် နှိုးဆော်စာကို နှစ်စဉ်ဇွန်လကုန်တွင်လည်းကောင်း အခွန်ထမ်းထံသို့ ကြိုတင်ထုတ်ပေး ရမည်။ အခွန်ထမ်းမှ လက်ခံရရှိကြောင်းကို ရပ်ကွက်နှင့် မြို့နယ်ရုံးအတွင်း အခွန်ပြေစာထုတ်ပေး ခြင်းနှင့် အခွန်ကောက်ခံရရှိမှုမှတ်တမ်း ပုံစံ-၁၀ တွင် လက်မှတ်ရေးထိုးစေပြီး မှတ်တမ်းတင်ရမည်။

(ခ) အခွန်ထမ်းသည် နှိုးဆော်စာရရှိပြီးနောက် နှိုးဆော်စာပါသတ်မှတ်နေရာသို့ အခွန်ငွေ လာရောက် ပေးသွင်းမှသာ ပြေစာအပေါ်တွင် ငွေလက်ခံရရှိကြောင်း အခွန်ကောက်ခံသူ လက်မှတ်ရေးထိုး၍ အခွန်ထမ်းထံသို့ ပြေစာထုတ်ပေးရမည်။

(ဂ) အခွန်ငွေများကို သတ်မှတ်ထားသောကာလအတွင်း ကောက်ခံ၍ရရှိသော အခွန်ငွေများကို သက်ဆိုင်ရာ မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၊ အတွင်းရေးမှူးထံသို့ ပေးသွင်းရမည်။

(ဃ) စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေခွန်ကောက်ခံရရှိမှုစာရင်းကို ပုံစံ-၁၁ ဖြင့်ပြုစု၍ လစဉ် လကုန်ပြီး ပထမပတ်အတွင်း မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

(င) သတ်မှတ်ကာလအတွင်း အခွန်ပေးဆောင်ရန် နှောင့်နှေးသော အခွန်ထမ်းထံသို့ အခွန်ကောက်ခံရေး အဖွဲ့မှ လိုအပ်ပါက စာဖြင့်နှိုးဆော်ခြင်း၊ အဖွဲ့ဝင်များမှ သွားရောက်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) ကောက်ခံရရှိပြီးသည့် အခွန်ငွေဖြစ်စေ၊ အခွန်ပြေစာဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှု ရှိခဲ့လျှင် အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းပြချက်ခိုင်လုံစွာဖော်ပြ၍ ချက်ချင်းတင်ပြရမည်။

(ဆ) အခွန်ကောက်ခံရန် သတ်မှတ်ကာလကုန်ဆုံး၍ ကောက်ခံရန်ကျန်ရှိသည့် အခွန်ပြေစာနှင့် ကောက်ခံမရသော အခွန်ပြေစာများကို စာရင်းပြုစုပြီး သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ စနစ်တကျ ပြန်လည်အပ်နှံရမည်။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် တာတမံခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့မှ ပေးပို့လာသော အခွန်ပြေစာများကို လက်ခံရရှိသည့်အခါ အခွန်ငွေပေးဆောင်ရန် နှိုးဆော်စာကို ပုံစံ-၉ ဖြင့်ပြုစုပြီး တာတမံခွန် ပြေစာများအတွက် နှိုးဆော်စာကို နှစ်စဉ်ဇန်နဝါရီလကုန်တွင် အခွန်ထမ်းထံသို့ ကြိုတင်ထုတ်ပေး ရမည်။ အခွန်ထမ်းမှ နှိုးဆော်စာလက်ခံရရှိကြောင်းကို ပုံစံ-၁၀ တွင် လက်မှတ်ရေးထိုးစေပြီး မှတ်တမ်းတင်ရမည်။

(ခ) အခွန်ထမ်းသည် နှိုးဆော်စာရရှိပြီးနောက် အခွန်ငွေလာရောက်ပေးသွင်းမှသာ ပြေစာအပေါ်တွင် ငွေလက်ခံရရှိကြောင်း အခွန်ကောက်ခံသူ လက်မှတ်ရေးထိုး၍ အခွန်ထမ်းထံသို့ ပြေစာထုတ်ပေး ရမည်။

(ဂ) အခွန်ငွေများကို သတ်မှတ်ထားသောကာလအတွင်းကောက်ခံ၍ ရရှိသောအခွန်ငွေများကို သက်ဆိုင်ရာမြို့နယ် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့၊ အတွင်းရေးမှူးထံသို့ ပေးသွင်းရမည်။

(ဃ) ဦးပိုင်အလိုက်၊ ကျေးရွာအလိုက် တာတမံခွန်ကောက်ခံရရှိမှုစာရင်းကို ပုံစံ-၁၁ က ဖြင့်ပြုစု၍ လစဉ်လကုန်ပြီး ပထမပတ်အတွင်း မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

(င) သတ်မှတ်ကာလအတွင်း အခွန်ပေးဆောင်ရန် နှောင့်နှေးသောအခွန်ထမ်းထံသို့ အခွန်ကောက်ခံရေး အဖွဲ့မှ လိုအပ်ပါက စာဖြင့်နှိုးဆော်ခြင်း၊ အဖွဲ့ဝင်များမှ သွားရောက်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်။

(စ) ကောက်ခံရရှိပြီးသည့် အခွန်ငွေဖြစ်စေ၊ အခွန်ပြေစာဖြစ်စေ ပျက်စီး၊ ပျောက်ဆုံးဆုံးရှုံးမှုရှိခဲ့လျှင် အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းပြချက် ခိုင်လုံစွာဖော်ပြ၍ ချက်ချင်းတင်ပြရမည်။

(ဆ) အခွန်ကောက်ခံရန် သတ်မှတ်ကာလကုန်ဆုံး၍ ကောက်ခံရန်ကျန်ရှိသည့် အခွန်ပြေစာနှင့် ကောက်ခံ မရသော အခွန်ပြေစာများကို စာရင်းပြုစုပြီး သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ စနစ်တကျ ပြန်လည် အပ်နှံရမည်။

၁၁။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ကောက်ခံရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် အခွန်ပြေစာများပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုမရှိစေရေးအတွက် အခွန်ပြေစာပါ အချက်အလက်များနှင့် နောက်ဆုံးပေးသွင်းရမည့် နေ့ရက်ပါဝင်သော ကြိုတင်အသိပေးသည့် နှိုးဆော်စာကို ပုံစံ- ၉ ဖြင့် အခွန်ထမ်းထံပေးရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့သို့ ထုတ်ပေးရမည်။

၁၂။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကပေးသွင်းသော အခွန်ငွေများကို လက်ခံရရှိ သည့်အခါ အောက်ပါအချက်များကို ဆောင်ရွက်ရမည် -

(က) အခွန်ကောက်ခံရငွေများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေက သတ်မှတ်ထားသော ဘဏ္ဍာရန်ပုံငွေစာရင်းခေါင်းစဉ်နှင့် ဘဏ်စာရင်းအမှတ်သို့ ငွေသွင်းချလန်ဖြင့် နီးစပ်ရာ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပေးသွင်းခြင်း၊

(ခ) ရာသီအလိုက်၊ သီးနှံအလိုက် ရေခွန် သို့မဟုတ် တာတမံခွန်ကောက်ခံရရှိမှု ကျေးရွာအုပ်စုချုပ် စာရင်းကို ပုံစံ-၁၂ ဖြင့် ပြုစု၍ နည်းဥပဒေခွဲ (က) အရ ဘဏ်သို့ ပေးသွင်းသော ငွေသွင်းချလန် မိတ္တူ (၂) စောင်နှင့်အတူ လစဉ် ထိုလကုန်ပြီး ၁၅ ရက်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန်စည်းကြပ် ကောက်ခံရေးအဖွဲ့သို့ ပေးပို့ခြင်း။

၁၃။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ကောက်ခံရန် သတ်မှတ် ကာလကုန်ဆုံး၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့က နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဆ) အရ ပြန်လည်အပ်နှံသော ပြေစာများနှင့် လစဉ်အခွန်ကောက်ခံ ရရှိမှု လချုပ်စာရင်းတို့ကို နှစ်ချုပ်စာရင်းပြုစုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ပေးပို့ရမည်။ ယင်းသို့ ပေးပို့ရာတွင် မူလစည်းကြပ်ကောက်ခံသည့် အခွန်ငွေနှင့် အမှန်ကောက်ခံရရှိသည့်အခွန်ရငွေ လျော့နည်း

ကွာခြားချက်ရှိပါက အခွန်ထမ်းသည် အောက်ပါအချက်များမှ မည်သည့်အကြောင်းကြောင့် ပေးဆောင်နိုင်ခြင်း မရှိသည်ကို စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည် -

(က) အခွန်ထမ်းဆောင်ရန် ပျက်ကွက်သည့် အခွန်ထမ်း၏ လယ်ကွက်အနီးအနားပတ်ဝန်းကျင်ရှိ လယ်သမားများ အခွန်ထမ်းဆောင်မှု ရှိ မရှိ၊

(ခ) ဆည်ရေလုံလောက်စွာ ရရှိမှု ရှိ မရှိ၊

(ဂ) ပိုးမွှားအန္တရာယ် ကျရောက်မှု ရှိ မရှိ၊

(ဃ) သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံအထွက်နှုန်း လျော့နည်းမှု ရှိ မရှိ၊ ပျက်စီးဆုံးရှုံးမှု ရှိ မရှိ၊

(င) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမို စည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ မရှိ၊

(စ) ဥပဒေအရ ပေးဆောင်ထိုက်သည့် အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ မရှိ။

၁၄။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ပေးဆောင်နိုင်သော အခြေအနေရှိလျက် ပေးဆောင်ရန် ပျက်ကွက်သော အခွန်ထမ်းအား အရေးယူရန် တင်ပြချက်အပေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က နည်းဥပဒေ ၁၆ ဖြင့် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် အကြောင်းကြားချက် ရရှိသည့်အခါ အခွန်အရကောက်ခံမှု၊ အမှုတွဲဖွင့်လှစ်၍ အခွန်မပြေ ကျန်ငွေများကို အရကောက်ခံရမည်။

၁၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ သဘောတူညီမှုဖြင့် အခွန်မပြေ ကျန်ငွေကောက်ခံနိုင်ရေးအတွက် အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တာဝန်ပေးအပ်ရမည်။

(ခ) မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့များ၏ အခွန်စည်းကြပ်မှုနှင့် ကောက်ခံရာတွင် တိုးတက်မှု ရှိ မရှိ စစ်ဆေးကြီးကြပ်ခြင်း၊ သတ်မှတ်ချက်နှင့်ကောက်ခံရရှိမှု လျော့နည်းသည့်အတွက် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံ အခွန်ငွေ ရရှိရေးအတွက် လိုအပ်သည့် နှိုးဆော်စာများ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (ခ) အရ မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့က တင်ပြသည့် အခွန်ကောက်ခံရရှိမှု မြို့နယ်အလိုက် မြို့နယ်ချုပ်စာရင်းနှင့် ငွေသွင်းချလန် မိတ္တူ (၁) စောင်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ထပ်ဆင့်တင်ပြရမည်။

(ဃ) နည်းဥပဒေ ၁၃ အရ မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြချက် အပေါ် အခွန်ငွေကောက်ခံမရသော ဧကများအတွက် ထပ်မံစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး အဆိုပါအဖွဲ့အား စိုက်ပျိုးဧကများအနက် အခွန်သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့် သို့မဟုတ် စာရင်းမှ ပယ်ဖျက်ခွင့်ပြုသင့်သည့် ဧက၊ အခွန်ပေးဆောင်သင့်သည့် ဧကများခွဲခြား၍ အကြောင်းပြချက်ခိုင်လုံစွာဖြင့် စစ်ဆေးတွေ့ရှိချက်ကို တင်ပြရန် တာဝန်ပေးအပ်ရမည်။

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်နှင့်စပ်လျဉ်း၍ အခွန် ပေးဆောင်သင့်သော ဧကများအတွက် ပေးဆောင်ရန်ပျက်ကွက်သော အခွန်ထမ်းအား နည်းဥပဒေ ၁၅၊

နည်းဥပဒေခွဲ (က) ဖြင့် ပေးအပ်သော တာဝန်အရ အခွန်အရ ကောက်ခံသော အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းကြားရမည်။

၁၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် စိုက်ပျိုးရာသီအလိုက် သီးနှံအလိုက် အခွန်စတင်ကောက်ခံရမည့်နေ့နှင့် အပြီးသတ်ကောက်ခံရမည့်နေ့ရက်များကို တိကျစွာသတ်မှတ်ပေးရမည်။

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ အခွန်စည်းကြပ်ကောက်ခံမှုနှင့် အခွန်ကောက်ခံရရှိမှု နှစ်ချုပ်အခြေအနေများကို စိစစ်ဆေး၍လက်ခံနိုင်ဖွယ်ရှိပါက အတည်ပြုခြင်းနှင့် လက်ခံနိုင်ဖွယ်မရှိပါက သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့တို့မှ တင်ပြလာသည့် မြို့နယ်အလိုက် ငွေသွင်းချလန်မိတ္တူများကို ရရှိသည့်အခါ အောက်ပါ အချက်များကို စစ်ဆေးရမည် -

(၁) မြို့နယ်အလိုက်ပေးသွင်းသော ငွေသွင်းချလန်များနှင့် ဘဏ်သို့ပေးသွင်းငွေ၊ ပေးသွင်းသည့် နေ့စွဲကိုက်ညီမှု ရှိ မရှိ၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေက သတ်မှတ်ထားသည့် ဘဏ္ဍာရန်ပုံငွေစာရင်းခေါင်းစဉ်နှင့် ဘဏ်စာရင်းအမှတ်တွင် ရရှိမှု ရှိ မရှိ။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ အချက်များဖြင့် စစ်ဆေးချက်အရ ငွေသွင်းချလန်နှင့် ဘဏ်သို့ဝင်သည့် ငွေစာရင်းကိုက်ညီမှုမရှိသော မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ကို မည်သည့်အကြောင်းကြောင့် ကိုက်ညီမှု မရှိသည်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့က စစ်ဆေးတင်ပြရန် အကြောင်းကြားရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့မှ နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ရရှိသည့်အခါ လက်ခံနိုင်ဖွယ်ရှိပါက လက်ခံ၍ လက်ခံနိုင်ဖွယ်မရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အကြောင်း ကြားရမည်။

၁၉။ (က) ဥပဒေပုဒ်မ ၅ ပါ ရေခွန်ရေခများနှင့်စပ်လျဉ်း၍ ဦးစီးဌာနမှ ဆည်ရေအသုံးပြုသည့် အဖွဲ့အစည်းအသီးသီးသို့ပေးဝေသော ရေပမာဏကို ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အညီ တွက်ချက်၍ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) ကောက်ခံရရှိသော ရေခွန်ရေခများကို ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ မြန်မာ့စီးပွားရေးဘဏ်တွင် သက်ဆိုင်ရာဦးစီးဌာနရုံး၏ သာမန်ရငွေ ခေါင်းစဉ်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

## အခန်း (၇)
## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပြုခြင်း

၂၀။ လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ၊ တချို့တစ်ဝက်ဖြစ်စေ၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးမွှားတိရစ္ဆာန်များဖျက်ဆီးခြင်း သို့မဟုတ် ကြိုတင်ကာကွယ်နိုင်စွမ်းမရှိသော အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ -

(က) ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဆ) အရ အခွန်ကြွေးကျန်များ ပေါ်ပေါက်သည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုသင့်ကြောင်း သက်ဆိုင်ရာမြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံ အခွန်အပြီးသတ်ကောက်ခံရမည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် အဆိုပြုလွှာတင်ပြနိုင်သည်။

( ခ ) အခွန်ထမ်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ အခွန်စည်းကြပ်သည့်ဧရိယာ သို့မဟုတ် အခွန်ငွေကိုမကျေနပ်လျှင် သက်ဆိုင်ရာ မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုပါရန် အခွန်ပြေစာရသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် အဆိုပြုလွှာ တင်ပြနိုင်သည်။

၂၁။ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၀ အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အဆိုပြုလွှာများကို လက်ခံရရှိသည့်အခါ အမှုတွဲဖွင့်လှစ်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် အောက်ပါအချက်များစိစစ်ခြင်းတို့ကို အဆိုပြုလွှာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ဆောင်ရွက်ပြီး သဘောထားမှတ်ချက်နှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည် -

(က) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့ သို့မဟုတ် အခွန်ထမ်း၏တင်ပြချက်သည် ကျိုးကြောင်းခိုင်လုံမှု ရှိ မရှိ၊

( ခ ) နည်းဥပဒေ ၁၅ အရ စစ်ဆေးချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊

( ဂ ) ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပေးစေလိုသော လယ်ယာမြေတစ်ရပ်ရပ် သို့မဟုတ် သီးနှံတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်၊ ကွင်းအမည်၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ်နှင့် စည်းကြပ်ဧရိယာဧက။

၂၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၁ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ဃ) ပါ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ယင်းစာတွဲကိုလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၂ အရ တင်ပြချက်ကို ရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

၂၄။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် နည်းဥပဒေ ၂၃ အရ တင်ပြသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သို့ ယင်းစာတွဲလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း အကြောင်းကြားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် အခါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ ခုနစ်ရက်အတွင်း အကြောင်းကြားရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (ခ) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကိုလက်ခံ ရရှိသည့်အခါ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း အကြောင်းကြားရမည်။

(ဃ) မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (ဂ) အရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် အခွန်ထမ်းထံ ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့အကြောင်းကြားရမည်။

## အခန်း (၈)
## ရေခွန်နှင့် တာတမံခွန်များ စာရင်းမှပယ်ဖျက်ခြင်း

၂၅။ ဤနည်းဥပဒေ မထုတ်ပြန်မီ ရေခွန် သို့မဟုတ် တာတမံခွန်ကို စည်းကြပ်ခံရသူ အခွန်ထမ်းတစ်ဦးဦး ထံမှ အခွန်ကောက်ခံမရနိုင်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့်တာတမံခွန် စည်းကြပ် ကောက်ခံရေးအဖွဲ့က စစ်ဆေးတင်ပြလာသောအခါ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့သည် နည်းဥပဒေ ၁၃ ပါ အချက်များနှင့်စိစစ်၍ အောက်ပါကိစ္စရပ်များအတွက် ရေခွန်နှင့်တာတမံခွန်များ စာရင်းမှ ပယ်ဖျက်ခြင်းကိုဆောင်ရွက်နိုင်ရန် အဆိုပါတင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည် -

(က) အခွန်ကောက်ခံရာတွင် အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားသော၊ အခွန်ပိုမိုစည်းကြပ်ထားသော သို့မဟုတ် မှားယွင်းစွာစည်းကြပ်ထားသော အခွန်ငွေများ၊

(ခ) မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံသည့် နည်းလမ်းအတိုင်း ဆောင်ရွက်သော်လည်း ကောက်ခံမရနိုင်တော့သည့် အခွန်ငွေများနှင့် နည်းဥပဒေ ၂၄ အရ အခွန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခဲ့သော အခွန်ငွေများ။

၂၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ဃ) ပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့်စစ်ဆေး၍ အဖွဲ့၏တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ရေခွန်နှင့် တာတမံခွန်များစာရင်းမှ ပယ်ဖျက်ခွင့်စာတွဲကို သဘောထား မှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေ ၂၆ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ထပ်ဆင့်စိစစ်၍ ခုနစ်ရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် နည်းဥပဒေ ၂၇ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ရေခွန်နှင့်တာတမံခွန်များစာရင်းမှပယ်ဖျက်ခြင်း သို့မဟုတ် ပေးဆောင်ထိုက်သည့်အခွန်ကိုလျှော့၍ စည်းကြပ်ထားခဲ့ကြောင်းတွေ့ရှိပါက ထပ်မံကောက်ခံခြင်း တို့ကို ဆုံးဖြတ်ပြီး မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ အကြောင်းကြားခြင်းကို ၁၅ ရက်အတွင်း ဆောင်ရွက်ရမည်။

## အခန်း (၉)
## အခွန်ပြန်အမ်းခြင်း

၂၉။ (က) အခွန်ထမ်းသည် ရေခွန်နှင့် တာတမံခွန် သို့မဟုတ် လျှပ်စစ်ရေတင်ခတို့ကို မှားယွင်းပေးသွင်းကြောင်း သို့မဟုတ် ပိုမိုပေးသွင်းထားကြောင်း ခိုင်လုံသောအထောက်အထားဖြင့် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံတင်ပြ၍ ပိုမိုပေးသွင်းထားသော အခွန်ငွေကို တောင်းခံနိုင်သည်။

(ခ) မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ အခွန်ထမ်းက တင်ပြတောင်းခံလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင်စိစစ်တွေ့ရှိချက်အရဖြစ်စေ၊ ပိုမိုပေးသွင်းထားသော အခွန်ငွေကိုပြန်အမ်းသင့်ကြောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ သိရှိချိန်မှစ၍ ခုနစ်ရက်အတွင်း တင်ပြရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (ခ) အရ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြလျှင် ယင်းသို့တင်ပြသည့်နေ့မှခုနစ်ရက်အတွင်း မိမိသဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ကို လက်ခံရရှိသည့်နေ့မှ သုံးရက်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် နည်းဥပဒေခွဲ (ဃ) အရ တင်ပြချက်ကိုရရှိသည့်အခါ စိစစ်ပြီး အခွန်ထမ်းက ပိုမိုပေးဆောင်ထားကြောင်းတွေ့ရှိပါက ယင်းပိုငွေကိုဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်အမ်းရမည်။ ထို့အပြင် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ထိုသို့ ပိုနေကြောင်း စစ်ဆေးတွေ့ရှိလျှင်လည်း ထိုပိုငွေကို ပြန်အမ်းရမည်။

(စ) အခွန်ထမ်းသည် ပြန်အမ်းငွေကို အခွန်ပေးဆောင်သည့်နေ့မှစ၍ သုံးလအတွင်းသာ တောင်းဆိုခွင့်ရှိစေရမည်။

## အခန်း (၁၀)
## အခွန်ရငွေများကို စာရင်းပြုစုခြင်း

၃၀။ (က) မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် စိုက်ပျိုးရာသီနှင့်သီးနှံအလိုက် ရေခွန်နှင့်တာတမံခွန်မှ ကောက်ခံရရှိသော အခွန်ငွေများကို ခေါင်းစဉ်အလိုက်စာရင်းပြုစုရန် ဝန်ထမ်းတစ်ဦးသီးခြားတာဝန်ပေးအပ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံမှ ရရှိသင့်သောအခွန်ငွေများ အချိန်မီရရှိရန် နှိုးဆော်ခြင်း၊ အချိန်မီမရရှိသော အခွန်ငွေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ သွားရောက်ရယူခြင်းတို့ကို ဆောင်ရွက်စေရမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ ခေါင်းစဉ်အလိုက် ပြုစုထားသော အခွန်ငွေစာရင်းများကို လစဉ်ပေးပို့ရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြလာသော ရေခွန်နှင့် တာတမံခွန်မှ ရရှိသည့်အခွန်ငွေများကို မြို့နယ်အလိုက် စာရင်းပြုစုရန် ဝန်ထမ်းတစ်ဦး သီးခြားတာဝန်ပေးအပ်၍ မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များထံမှရရှိသင့်သော အခွန်ငွေများ အချိန်မီရရှိရန် နှိုးဆော်ခြင်း၊ အချိန်မီမရရှိသော အခွန်ငွေများကို မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ အခါအားလျော်စွာ သွားရောက်၍စိစစ်ခြင်း၊ မေးမြန်းခြင်းများ ဆောင်ရွက်စေရမည်။ အခက်အခဲ တွေ့ရှိပါက လိုအပ်သော အကြံဉာဏ်များ ပေးအပ်ရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့လည်း မြို့နယ်အလိုက် ပြုစုထားသော အခွန်ငွေစာရင်းများကို လစဉ်ပေးပို့ရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များထံမှ တင်ပြလာသော ရေခွန်နှင့် တာတမံခွန် အခွန်ငွေရရှိမှု လချုပ်စာရင်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အလိုက် ပြုစုပြီးနောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ လစဉ် ပေးပို့ရမည်။

၃၁။ ဥပဒေပုဒ်မ ၅ အရ ကောက်ခံသည့် အထွေထွေလုပ်ငန်းသုံး ဆည်ရေသုံးစွဲမှုအတွက် ရေခွန်ရေခ များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာနရုံးများက ငွေစာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ရငွေ (ရငွေ) အဖြစ် စာရင်းပြုစု ပြီးနောက် လစဉ်ငွေစာရင်းလချုပ်တွင်ဖော်ပြ၍ ဦးစီးဌာနရုံးချုပ်သို့ တင်ပြရမည်။

## အခန်း (၁၁)
## အယူခံခြင်း

၃၂။ (က) အခွန်ထမ်းသည် မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့ထံသို့ အယူခံလွှာကို တင်ပြရမည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြလာသည့် အယူခံလွှာကိုရရှိပြီး မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆောင်ရွက်ချက်များ၊ မှတ်တမ်းများကိုစိစစ်၍ လိုအပ်လျှင် သက်ဆိုင်ရာမည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးနိုင်သည်။ မြို့နယ် ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအမိန့်ကို ချမှတ်နိုင်သည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် အယူခံမှုနှင့်စပ်လျဉ်း၍ မိမိချမှတ်သော အမိန့်မိတ္တူကို အယူခံသူနှင့် မြို့နယ် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့လည်းကောင်း ပေးပို့ရမည်။

၃၃။ (က) အခွန်ထမ်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့က ချမှတ်သော အမိန့်ကိုမကျေနပ်လျှင် ထိုအမိန့်ကိုရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အဆိုပါအမိန့်မိတ္တူကို ပူးတွဲလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်နိုင်သည်။ လုံလောက်သော အကြောင်းရှိပါက သတ်မှတ်ကာလထက် ကျော်လွန်တင်သွင်းသော အယူခံလွှာကို လက်ခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာအမှုတွဲများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့ထံမှတင်ပြလာသော အယူခံလွှာနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက အချက်အလက်များ တောင်းယူနိုင်သည်။ လိုအပ်လျှင် သက်ဆိုင်သူများကို ခေါ်ယူစစ်ဆေးနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် အယူခံမှုနှင့်စပ်လျဉ်း၍ မိမိချမှတ်သောအမိန့်မိတ္တူကို အယူခံသူ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေး အဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့များသို့ ပေးပို့ရမည်။

(ဃ) အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၂)

## အထွေထွေ

၃၄။ ရေခွန်နှင့် တာတမံခွန်နှင့်စပ်လျဉ်း၍ ယခင်ကမည်သည့်စည်းမျဉ်းများ ထုတ်ပြန်ထားစေကာမူ ဤနည်းဥပဒေနှင့်အညီသာ လိုက်နာဆောင်ရွက်ကြရမည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပုံစံ-၁

# စိုက်ပျိုးသောသီးနှံများနှင့် အခွန်စည်းကြပ်စာရင်း
## -------------------------- တူးမြောင်းမကြီး/လက်တံမြောင်းရေသောက်ဇကစာရင်း

**ကွင်းအမှတ် -**
**ကွင်းအမည် -**

| ဦးပိုင်အမှတ် | အခွန်စည်းကြပ်ခံရသူအမည် | မြေကွက် | | သီးနှံလက္ခဏာ | စည်းကြပ်သည့်ဧရိယာ | | သင့်ငွေပေါင်း | မြေလပ် ဧရိယာ | မအောင်ဧရိယာ | | ( ) ခုနှစ်၊ သီးနှံအလိုက် ဧကများ | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မြေမျိုးအတန်း အမှတ် | ဧရိယာ | | လျင်ကြီး | ကိုင်းမှုရင်း | | | တံစဉ်လွတ် | ခမ္မတာအထွက်၏ ၁/၄ အောက် | | | | | | | | | | | | | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀က) | (၁၀ခ) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) | (၂၁) | (၂၂) | (၂၃) | (၂၄) | (၂၅) | (၂၆) | (၂၇) | (၂၈) |
| | | | | | | | | | | | | | | | | | | | | | | | | | | | | |

ပုံစံ-၂

## ရေပေးမြောင်းနှင့် ရေထုတ်ပေါက်များမှ ရေသောက်စာရင်း

စိုက်သောသီးနှံ မြောင်းမတော်အမည်

မုရင်း (သို့မဟုတ်) ကိုင်း

ကောက်ရင်

ကောက်ကြီး

မြောင်းခွဲ

မြောင်းမ လက်တံမြောင်း၏အမည် (သို့မဟုတ်) အမှတ်။ . . . . . . . . . . မြောင်းခွဲ၊ လက်တံ (သို့မဟုတ်) မိုင်နားတို့၏ အမည် (သို့မဟုတ်) အမှတ်။ ---------------

| ရေပေးမြောင်း (သို့မဟုတ်) ရေထုတ်ပေါက် | | | ကွင်းအမှတ် | ရေသောက်နိုင်သောဧရိယာ (ဧက) | ရေထုတ်ပေါက် | | ရေပြည့်သည့်အခါရေနေစောက် | ၂၀ - ၂၀ ခုနှစ် | | | ၂၀ - ၂၀ ခုနှစ် | | | ၂၀ - ၂၀ ခုနှစ် | | | ၂၀ - ၂၀ ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ် | အကွာအဝေး | ဝဲယာ | | | အမျိုး | အရွယ် | | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |

ပုံစံ-၃

## ကွင်းအလိုက် ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် ကျေးရွာအုပ်စုချုပ်စာရင်း

------------------------ တိုင်းဒေသကြီး/ပြည်နယ် --------------------- ခရိုင်၊ ------------ မြို့နယ်
ဆည်မြောင်းလုပ်ငန်းအမည် ----------------------------၊ -------------------------------- ခုနှစ်
ကျေးရွာအုပ်စု/ရပ်ကွက် ------------------------------------------------------------------

| ကွင်း | | မူလသတ်မှတ်သည့် စီမံကိန်းရေသောက် ဧရိယာ (ဧက) | ကွင်းအတွင်းဆည်ရေ ပေးဝေနိုင်မည့်ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| အမှတ် | အမည် | | | |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| ပေါင်း | | | | |

မှတ်ချက် (၁) စာတိုင်-၃ တွင် ဆည်/ရေ ဦးစီးဌာနမှ မူလသတ်မှတ်ထားသည့် စီမံကိန်းရေသောက်ဧရိယာ (Command Area) ကို ဖော်ပြရန်

(၂) စာတိုင်-၄ တွင် ကွင်းအတွင်း ဆည်ရေပေးဝေနိုင်မည့်ဧရိယာ (Irrigable Area) ကို ဖော်ပြရန်

**ကွင်းဆင်းစိစစ်ပြုစုသူ**

ဥက္ကဋ္ဌ
ရပ်ကွက် (သို့) ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

မြေတိုင်းစာရေး

ဆည်/ရေဝန်ထမ်း

**စစ်ဆေးသူ**

လက်ထောက်ဦးစီးမှူး

ဆည်/ရေဦးစီးဌာနတာဝန်ခံ

ပုံစံ-၄

# ကျေးရွာအုပ်စုအလိုက် ရေပေးဝေနိုင်မည့် ဧရိယာစိစစ်ချက် မြို့နယ်ချုပ်စာရင်း

------------------------ တိုင်းဒေသကြီး/ပြည်နယ် --------------------- ခရိုင်၊ ------------ မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည် -----------------------------၊ -------------------------------- ခုနှစ်

| ကျေးရွာအုပ်စု/ ရပ်ကွက်အမည် | ကွင်းပေါင်း | မူလသတ်မှတ်သည့် စီမံကိန်းရေသောက် ဧရိယာ (ဧက) | ရေပေးဝေနိုင်မည့် ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |
| ပေါင်း | | | | |

လက်မှတ်
မြို့နယ်လယ်ယာမြေ
စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး

လက်မှတ်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး
ဦးစီးဌာနမှူး

ပုံစံ-၅

## မြောင်းလက်တံ/ဦးပိုင်အလိုက်၊ သီးနှံအလိုက်၊ ရေရယူသုံးစွဲသည့်ဧရိယာနှင့် စည်းကြပ်မှု ကျေးရွာချုပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သည့်ရာသီ (မိုး/နွေ)

------------------------- တိုင်းဒေသကြီး/ပြည်နယ် ---------------------- ခရိုင်၊ ------------ မြို့နယ်
ဆည်မြောင်းလုပ်ငန်းအမည် -------------------------------------------------------------------
ကျေးရွာအုပ်စု/ရပ်ကွက် အမည် --------------------- ကွင်းအမှတ်/အမည် ----------------------

| မြောင်းလက်တံ/ ဦးပိုင်အမှတ် | လုပ်ကိုင်သူအမည် | လုပ်ကွက်ဧရိယာ (ဧက) | သီးနှံအလိုက်ဆည်ရေသုံးစွဲသည့်ဧက | | | | ရေခွန်စည်းကြပ်မှု | | | ရေရယူသူလက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | စပါး | | အခြားသီးနှံ | ပေါင်း | စည်းကြပ်ဧရိယာ (ဧက) | စည်းကြပ်နှုန်း (ကျပ်) | စည်းကြပ်ငွေ (ကျပ်) | |
| | | | ရေတစ်စိတ်တစ်ပိုင်းရယူသည့် (ဧက) | ရေအပြည့်အဝရယူသည့် (ဧက) | | | | | | |
| ၁ | ၂ | ၃ | ၄-က | ၄-ခ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | | |

မှတ်ချက်။ (၁) ကွင်းအတွင်း မြောင်းလက်တံအလိုက် ဦးပိုင်တစ်ခုချင်း ရေးသွင်းရန်၊
(၂) စာတိုင် ၄-က တွင် စပါးမြေပြုပြင်ရေ/စိုက်ပျိုးရေ/အပင်ဖြစ်ထွန်းရေ/အောင်ရေတစ်ခုခုကို တစ်ကြိမ် သို့မဟုတ် တစ်စိတ်တစ်ပိုင်းရယူသည့် ဧရိယာကို ဖော်ပြရန်၊
(၃) စာတိုင်-၇ စည်းကြပ်ဧရိယာတွင် စာတိုင် ၄-က၊ ၄-ခ နှင့် ၅ တို့အရ သီးခြားတစ်ကြောင်းစီ ရေးသွင်းရန်၊
(၄) စာတိုင်-၈ စည်းကြပ်နှုန်းတွင် စာတိုင် ၄-က၊ ၄-ခ နှင့် ၅ တို့အရ သတ်မှတ်ထားသည့်နှုန်းကို ရေးသွင်းရန်၊
(၅) စာတိုင်-၉=စာတိုင်-၇×စာတိုင်-၈

ကွင်းဆင်းကောက်ယူရေးသွင်းမှု မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။

ဥက္ကဋ္ဌ
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

မြေတိုင်းစာရေး

ဆည်/ရေဝန်ထမ်း

စစ်ဆေးပြီးမှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

လက်ထောက်ဦးစီးမှူး

ဆည်/ရေဦးစီးဌာနတာဝန်ခံ

ပုံစံ-၆

## သီးနှံအလိုက် ရေရယူသုံးစွဲသည့်ဧရိယာနှင့် စည်းကြပ်မှု မြို့နယ်ချုပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သည့်ရာသီ (မိုး/နွေ)

------------------------- တိုင်းဒေသကြီး/ပြည်နယ် ---------------------- ခရိုင်၊ ------------ မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည် ---------------------------------------------------------------

| စဉ် | ကျေးရွာအုပ်စု/ရပ်ကွက်အမည် | ကွင်းပေါင်း | ဦးပိုင်ပေါင်း | လုပ်ကိုင်သူပေါင်း | လုပ်ကွက်ဧရိယာပေါင်း | သီးနှံအလိုက်ဆည်ရေသုံးစွဲသည့်ဧက | | | | ရေခွန်စည်းကြပ်မှု | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | စပါး | | အခြားသီးနှံ | ပေါင်း | စည်းကြပ်ဧရိယာ (ဧက) | စည်းကြပ်ငွေ (ကျပ်) |
| | | | | | | ရေတစ်စိတ်တစ်ပိုင်းရယူသည့် (ဧက) | ရေအပြည့်အဝရယူသည့် (ဧက) | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇-က | ၇-ခ | ၈ | ၉ | ၁၀ | ၁၁ |
| | | | | | | | | | | | |
| မြို့နယ်ချုပ်ပေါင်း | | | | | | | | | | | |

လက်မှတ်
မြို့နယ်လယ်ယာမြေ
စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး

လက်မှတ်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး
ဦးစီးဌာနမှူး

ပုံစံ-၇

## ကွင်းတစ်ကွင်းချင်းစီအတွက် ရေခွန်စည်းကြပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သောရာသီ (မိုး/နွေ)

------------------------- တိုင်းဒေသကြီး/ပြည်နယ် ---------------------- ခရိုင်၊ ------------ မြို့နယ်

ကျေးရွာအုပ်စု/ရပ်ကွက် အမည် --------------------- ကွင်းအမှတ်နှင့် အမည် --------------------

| ဦးပိုင် အမှတ် | စည်းကြပ် ငွေ (ကျပ်) | အခွန် ကောက်ခံသူ မှတ်ချက် | ဦးပိုင် အမှတ် | စည်းကြပ် ငွေ (ကျပ်) | အခွန် ကောက်ခံသူ မှတ်ချက် | ဦးပိုင် အမှတ် | စည်းကြပ် ငွေ (ကျပ်) | အခွန် ကောက်ခံသူ မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၁ | ၂ | ၃ |
| | | | | | | | | |
| ပေါင်း | | | ပေါင်း | | | ပေါင်း | | |

မှန်ကန်စွာရေးသွင်းကြောင်းတာဝန်ခံပါသည်။ ကိုယ်တိုင်စစ်ဆေးပြီးမှန်ကန်ကြောင်းတာဝန်ခံပါသည်။

မြေတိုင်းစာရေး လက်ထောက်ဦးစီးမှူး

ပုံစံ-၈

## ရပ်ကွက်/ကျေးရွာအုပ်စုချုပ် ရေခွန်စည်းကြပ်စာရင်း

------------------ ခုနှစ်၊ စည်းကြပ်သောရာသီ (မိုး/နွေ)

------------------------- တိုင်းဒေသကြီး/ပြည်နယ် ---------------------- ခရိုင်၊ ------------ မြို့နယ်

ဆည်မြောင်းလုပ်ငန်းအမည် ----------------------------------------------------------------

| ကွင်းအမှတ် | စည်းကြပ်သည့်ဧရိယာ | | စည်းကြပ်သည့်ငွေ (ကျပ်) | | ပြေစာပေါင်း | အကြောင်းအရာ |
|---|---|---|---|---|---|---|
| | ယခင်နှစ် | ယခုနှစ် | ယခင်နှစ် | ယခုနှစ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | | | | | |

မှန်ကန်စွာရေးသွင်းကြောင်းဝန်ခံပါသည်။ ကိုယ်တိုင်စစ်ဆေးပြီးမှန်ကန်ကြောင်းဝန်ခံပါသည်။

မြေတိုင်းစာရေး လက်ထောက်ဦးစီးမှူး

ပုံစံ-၉

# နှိုးဆော်စာ

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေချိုနှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့မှ တစ်ဆင့်

သို့

| | |
|---|---|
| အခွန်ထမ်းအမည် | -------------------------------------------- |
| ကျေးရွာအုပ်စု | -------------------------------------------- |
| ဦးပိုင်အမှတ် | -------------------------------------------- |
| စိုက်ပျိုးသီးနှံအမည် | -------------------------------------------- |
| စည်းကြပ်ဧရိယာ (ဧက) | -------------------------------------------- |
| စည်းကြပ်နှုန်း (ကျပ်) | -------------------------------------------- |
| သင့်ငွေ (ကျပ်) | -------------------------------------------- |

အထက်ပါ ဆည်ရေရယူသုံးစွဲစိုက်ပျိုးသည့် သီးနှံအတွက်/ရေဘေးကာကွယ်သည့် ဧရိယာအတွက် ကျသင့်သော အခွန်ငွေ ( ) ကျပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့ရုံးသို့ ( ) နေ့ နောက်ဆုံးထားပေးဆောင်ရန် ကြိုတင်အသိပေးအကြောင်းကြားပါသည်။ ထိုသတ်မှတ်ရက်တွင် လာရောက်ပေးသွင်းခြင်းမရှိပါက ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန်ဥပဒေပုဒ်မ ၁၃ အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံမည့်အပြင် တရားဥပဒေအရ လူကြီးမင်းအား တရားစွဲဆိုမည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

အတွင်းရေးမှူး

မြို့နယ် ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့

ပုံစံ-၁၀

## ရပ်ကွက်နှင့် မြို့နယ်ရုံးအတွင်း အခွန်ပြေစာထုတ်ပေးခြင်းနှင့် အခွန်ကောက်ခံရရှိမှုမှတ်တမ်း

**ဆည်မြောင်း/တာတမံ/ရေနုတ်မြောင်းအမည် ------------------------------- ကျေးရွာအုပ်စု/ရပ်ကွက် --------------------- ကွင်းအမှတ်နှင့်အမည် ------------------**

| စဉ် | ရေရယူ/ရေဘေး ကာကွယ်သည့် ဧရိယာအတွင်း လုပ်ကိုင်သူအမည် | ကျေးရွာ အမည် | ဦးပိုင်အမှတ် | စည်းကြပ် ဧရိယာ (ဧက) | စည်းကြပ်နှုန်း (ကျပ်) | သင့်ငွေ (ကျပ်) | နှိုးဆော်စာလက်ခံရရှိသည့် | | အခွန်ဆောင်သည့် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ရက်စွဲ | လက်ခံသူ အခွန်ထမ်း လက်မှတ် | ရက်စွဲ | အခွန်ငွေ လက်ခံသူ လက်မှတ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |
| | ပေါင်း | | | | | | | | | | |

ပုံစံ-၁၁

**စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေခွန်ကောက်ခံရရှိမှုစာရင်း**

----------------------- **တိုင်းဒေသကြီး/ပြည်နယ်၊** ----------------------**ခရိုင်၊** ----------------------**မြို့နယ်**

**ဆည်မြောင်းလုပ်ငန်းအမည်** ---------------------------------------------------------------------------

**ကျေးရွာအုပ်စု/ရပ်ကွက်အမည်** ----------------------------------- **ကွင်းအမှတ်/အမည်** ---------------

| မြောင်း လက်တံ/ ဦးပိုင် အမှတ် | လုပ်ကိုင်သူ အမည် | လုပ်ကွက် ဧရိယာ (ဧက) | သီးနှံအလိုက် ဆည်ရေသုံးစွဲသည့်ဧက | | | | ရေခွန်စည်းကြပ်မှု | | | အမှန်အခွန် ကောက်ခံ ရရှိငွေ (ကျပ်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | စပါး | | အ ခြား သီးနှံ | ပေါင်း | စည်းကြပ် ဧရိယာ (ဧက) | စည်းကြပ် နှုန်း (ကျပ်) | စည်းကြပ် ငွေ (ကျပ်) | | |
| | | | ရေတစ်စိတ် တစ်ပိုင်း ရယူသည့် (ဧက) | ရေအပြည့်အဝ ရယူသည့် (ဧက) | | | | | | | |
| ၁ | ၂ | ၃ | ၄-က | ၄-ခ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | | | | | | | | | |

(လက်မှတ်)
ဥက္ကဋ္ဌ
ရပ်ကွက် (သို့) ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
ဆည်/ရေဦးစီးဌာန

ပုံစံ-၁၁ (က)

**ဦးပိုင်အလိုက်၊ ကျေးရွာအလိုက် တာတမံခွန်ကောက်ခံရရှိမှုစာရင်း**

**----------------------- တိုင်းဒေသကြီး/ပြည်နယ်၊ ----------------------ခရိုင်၊ ----------------------မြို့နယ်**

**တာတမံ/ရေနုတ်မြောင်း လုပ်ငန်းအမည် ---------------------------------------------------------------------------**

**ကျေးရွာအုပ်စု/ရပ်ကွက်အမည် ----------------------------------- ကွင်းအမှတ်/အမည် ----------------**

| တာတမံ ဦးပိုင်အမှတ် | လုပ်ကိုင်သူ အမည် | ကာကွယ် ဧရိယာ (ဧက) | တာတမံခွန်စည်းကြပ်မှု | | | အမှန်အခွန် ကောက်ခံရရှိငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | စည်းကြပ် ဧရိယာ (ဧက) | စည်းကြပ်နှုန်း (ကျပ်) | စည်းကြပ်ငွေ (ကျပ်) | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |

(လက်မှတ်)
ဥက္ကဋ္ဌ
ရပ်ကွက် (သို့) ကျေးရွာအုပ်စု
အုပ်ချုပ်ရေးမှူး

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

(လက်မှတ်)
လက်ထောက်ဦးစီးမှူး
ဆည်/ရေဦးစီးဌာန

ပုံစံ-၁၂

**ရာသီအလိုက်၊ သီးနှံအလိုက် ရေခွန် သို့မဟုတ် တာတမံခွန် ကောက်ခံရရှိမှု ကျေးရွာအုပ်စုချုပ် စာရင်း**

**---------------------- တိုင်းဒေသကြီး/ပြည်နယ်၊ ----------------------ခရိုင်၊ ----------------------မြို့နယ်**

**ဆည်မြောင်း/တာတမံ/ရေနုတ်မြောင်း လုပ်ငန်းအမည် ---------------------------------------------------------------------------------**

| စဉ် | ကျေးရွာအုပ်စု/ရပ်ကွက်အမည် | ကွင်းပေါင်း | ဦးပိုင်ပေါင်း | လုပ်ကိုင်သူပေါင်း | လုပ်ကွက်/ကာကွယ်ဧရိယာပေါင်း | သီးနှံအလိုက် ဆည်ရေသုံးစွဲသည့် ဧက | | | | ရေခွန်/တာတမံခွန် စည်းကြပ်မှု | | အမှန်ကောက်ခံရရှိငွေ (ကျပ်) | မြို့နယ်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့မှ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းသည့်နေ့နှင့်ချလန်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | စပါး | | အခြားသီးနှံ | ပေါင်း | စည်းကြပ်ဧရိယာ (ဧက) | စည်းကြပ်ငွေ (ကျပ်) | | | |
| | | | | | | ရေတစ်စိတ်တစ်ပိုင်းရယူသည့်ဧက | ရေအပြည့်အဝရယူသည့်ဧက | | | | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇-က | ၇-ခ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | | |
| မြို့နယ်ချုပ်ပေါင်း | | | | | | | | | | | | | | |

(လက်မှတ်)
ဥက္ကဋ္ဌ
မြို့နယ်အုပ်ချုပ်ရေးမှူး

(လက်မှတ်)
မြို့နယ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာနမှူး

(လက်မှတ်)
မြို့နယ်
ဆည်မြောင်းနှင့်ရေအသုံးချမှု
စီမံခန့်ခွဲရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ဘဏ္ဍာရေးဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၄) ဦးကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဌာနစုမှူး ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း** |
|---|---|---|
| (က) | ဒေါ်ထားထားလှိုင် | ဌာနစုမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်ခိုင်ခိုင်မော် | ဌာနစုမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဒေါ်သန္တာမြင့် | ဌာနစုမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဒေါ်ဇင်ဖြိုးထက် | ဌာနစုမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၃/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ စီမံရေးရာဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ ရုံးအုပ်/ကြီးကြပ်ရေးမှူး (၃) ဦးကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဌာနစုမှူး ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း** |
|---|---|---|
| (က) | ဒေါ်ရီရီနွဲ့ | ဌာနစုမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်ခင်မိုးမိုးအေး | ဌာနစုမှူး (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (၈) | ဒေါ်လွင်လွင်မာ | ဌာနစုမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၀၂,၂၈၆) ဧက ရှိသောနယ်မြေကို "ရေယာဉ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ အမ်းမြို့နယ်၊ ငဖဲမြို့နယ်နှင့် မင်းလှမြို့နယ်တို့ဆုံရာ နယ်နိမိတ်ဖြစ်သော အထက်စီးပေါက်မို ကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း (Y-503980) မှအစပြု၍ အရှေ့တောင်ယွန်းယွန်းသို့ ငဖဲမြို့နယ်နှင့် မင်းလှမြို့နယ် နယ်နိမိတ်အတိုင်း (၂) မိုင်ခန့်လာရာ မထုံးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (Y-532963) အထိ၊ ထိုမှ မထုံးချောင်းအတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ ငဖဲမြို့နယ်နှင့် မင်းလှမြို့နယ် နယ်နိမိတ်အတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ချောင်းဂွဆုံ ခန့်မှန်းမြေပုံညွှန်း (Y-534984) အထိ၊ ထိုမှ မင်းလှမြို့နယ်နှင့် ငဖဲမြို့နယ် နယ်နိမိတ်ဖြစ်သော ဆင်တောင်ချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၄) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်-၄၅၇၁ ခန့်မှန်းမြေပုံညွှန်း (Y-599999) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြော အတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-612034) အထိ၊ ထိုမှ တောင်ကြောအတိုင်း အရှေ့ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-630034) အထိ၊ ထိုမှ ထုံးပေါက်ချောင်းဖျားနေရာမှ ချောင်းအတိုင်းမြောက်ဘက်သို့ (၄) မိုင်ခန့်ဆန်တက်လာရာ ပနီချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (T-639094) အထိ၊ ထိုမှ ပနီချောင်းအတိုင်း အရှေ့ဘက်သို့ (၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-696090) အထိ၊ ထိုမှ ပနီချောင်း အတိုင်း ကွေ့ဝိုက်၍ အရှေ့တောင်ဘက်သို့ (၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-744070) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ပနီချောင်းအတိုင်း တောင်ဘက်သို့ (၄) မိုင်ခန့် စုန်ဆင်းလာရာ ဆင်ဒေါင်းချောင်းနှင့် ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (T-742017) အထိ၊ ထိုမှ ပနီချောင်းအတိုင်း အရှေ့ဘက်သို့ (၆) ဖာလုံခန့် စုန်ဆင်းလာရာ ဒိချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (T-752013) နေရာအထိ၊ ထိုမှ ဒိချောင်းအတိုင်း တောင်ဘက်သို့ (၄) မိုင်ခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-752965) အထိ၊ ထိုမှ ဒိချောင်း၏ အရှေ့ဘက်လက်တက်ခွဲဖြစ်သော ပဲနောက်ရိုးချောင်း အတိုင်း တောင်ဘက်သို့ (၂) မိုင်ခန့်ဆန်တက်လာရာ ပဲနောက်ရိုးချောင်းဖျား ခန့်မှန်း မြေပုံညွှန်း (Y-757934) အထိ၊ ထိုမှ အရှေ့ဘက်သို့ ရေဝေတောင်ကြောအတိုင်း (၂) ဖာလုံ ခန့်လာရာ တောင်ကုန်းအမှတ်-၂၂၃၂ (ပလောင်တောင်ထိပ်) ခန့်မှန်းမြေပုံညွှန်း (Y-762932) အထိ၊ ထိုမှ ရေဝေခင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင်ခန့်လာရာ ရေကြည်ချောင်းနှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-768906) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ချောင်းကိုဖြတ်၍ ရေဝေခင်ကြောအတိုင်း (၄) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်-၂၂၉၉ ခန့်မှန်းမြေပုံညွှန်း (Y-794846) မင်းတုန်းမြို့နယ် နယ်နိမိတ်နှင့်ဆုံသည်အထိ၊

တောင်ဘက် ။ ။ ထိုမှ မင်းလှမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၏ နယ်နိမိတ်ဖြစ်သည့် ရေဝေတောင်ကြော အတိုင်း အနောက်ဘက်သို့ (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-770844) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၂) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်-၁၉၃၂ ခန့်မှန်းမြေပုံညွှန်း (Y-748866) အထိ၊ ထိုမှ တောင်ဘက်သို့ မြောင်အားဖြတ်၍ (၄) ဖာလုံခန့် လာရာ တန်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (Y-744858) အထိ၊ ထိုမှ တန်းချောင်း အတိုင်း အနောက်ဘက်သို့ (၄) မိုင် (၂) ဖာလုံခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-675860) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်-၅၀၃၆ (စိုင်တမော့တောင်ထိပ်) ခန့်မှန်းမြေပုံညွှန်း (Y-678840) အထိ၊ ထိုမှ အနောက်တောင် ယွန်းယွန်းသို့ (၂) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်-၄၇၀၀ ခန့်မှန်းမြေပုံညွှန်း (Y-660822) အထိ၊ ထိုမှ အနောက်ဘက်သို့ (၃) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်-၃၇၁၂ ခန့်မှန်း မြေပုံညွှန်း (Y-600834) အထိ၊ ထိုမှ မထုံးချောင်း၏ ချောင်းလက်တက် မြောင်အဖျားမှ အနောက်တောင်ဘက်သို့ (၂) မိုင်ခန့် စုန်ဆင်းသွားရာ မထုံးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (Y-571819) အထိ၊ ထိုမှ မထုံးချောင်းကိုဖြတ်၍ အနောက်ဘက်ချောင်းလက်တက်အတိုင်း အနောက်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ရေဝေတောင်ကြောထိပ် မင်းတုန်းမြို့နယ်၊ အမ်းမြို့နယ်နှင့် မင်းလှမြို့နယ်တို့ဆုံရာ ခန့်မှန်းမြေပုံညွှန်း (Y-533813) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မင်းလှမြို့နယ်နှင့် အမ်းမြို့နယ်တို့၏ နယ်နိမိတ်ဖြစ်သည့် ရေဝေတောင်ကြောအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ်-၄၈၈၄ (မြင်းကချေ တောင်ထိပ်) ခန့်မှန်းမြေပုံညွှန်း (Y-527830) အထိ၊ ထိုမှ အမ်းမြို့နယ်နှင့် မင်းလှမြို့နယ် နယ်နိမိတ်ရေဝေတောင်ကြောအတိုင်း မြောက်ဘက်သို့ (၄) မိုင်ခန့်လာရာ တောင်ကုန်းအမှတ်- ၃၄၇၀ (လယ်ဒေါင်းတောင်ထိပ်) ခန့်မှန်းမြေပုံညွှန်း (Y-515893) အထိ၊ ထိုမှ ရေဝေ တောင်ကြောအတိုင်း အရှေ့မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (Y-522912) အထိ၊ ထိုမှ ရေဝေတောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၃) မိုင် (၅) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ်-၃၂၄၅ ခန့်မှန်းမြေပုံညွှန်း (Y-500966) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင်ခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (Y-503980) အထိ။

## ၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များ အရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည် -

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးသန်းထွန်းအောင်<br>ဒေသခံပြည်သူ၊ မင်းလှမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးလှသောင်း<br>ဒေသခံပြည်သူ၊ မီးလောင်ကုန်းကျေးရွာ၊ မင်းလှမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ မင်းလှမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၃,၅၅၅) ဧကရှိသောနယ်မြေကို "နန့်တပေါ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ် နယ်နိမိတ်ဆုံသည့် နမ့်မလောတောင် (ခေါ်) ဒေသအခေါ် နတ်သမီးတောင်ကြောပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (B-396522) မှအစပြု၍ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-450495) အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-505490) အထိ၊ ထိုမှ အရှေ့မြောက်ဘက်ရှိ နယ်ခြားနယ်နိမိတ်အတိုင်း (၄) မိုင်ခန့်လာရာ ခန္တီးမြို့နယ်၊ ဖားကန့်မြို့နယ် မြို့နယ်နယ်နိမိတ်များဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-546500) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ ဖားကန့်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်၊ နယ်ခြားနယ်နိမိတ်အတိုင်း တောင်ဘက်သို့ (၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-552387) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်ခင်ကြောအတိုင်း (၂) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-532419) အထိ၊ ထိုမှဆက်၍ အနောက်မြောက်ဘက်ခင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-510422) အထိ၊ ထိုမှ အနောက်တောင်ဘက်ခင်ကြောအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-499405) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ရေဝေခင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ နန်ပါဟုတ်ချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (B-480420) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ နန်ပါဟုတ်ချောင်းကို ဖြတ်၍ (၁) မိုင် (၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-460430) အထိ၊ ထိုမှ နန်စပေါ ချောင်းအတိုင်း (၁) မိုင် (၇) ဖာလုံခန့်လာရာ နန်စပေါချောင်းနှင့် နန်အီးဆာချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (B-465450) အထိ၊ ထိုမှ နန်အီးဆာချောင်းကိုဖြတ်၍ အနောက်တောင် ဘက်သို့ နန်စပေါချောင်းဘေးအတိုင်း (၁) မိုင် (၇) ဖာလုံခန့်လာရာ နန်စပေါချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (B-455473) အထိ၊ ထိုမှ နန်စပေါချောင်းကိုဖြတ်၍ နန်စပေါချောင်း ဘေးအတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ နန်စပေါချောင်းဘေး ခန့်မှန်းမြေပုံညွှန်း (B-457455) အထိ၊ ထိုမှ နန်စပေါချောင်းလက်တက်ကိုဖြတ်၍ နန်စပေါချောင်းဘေးအတိုင်း အနောက်တောင်ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-448435) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ နန်စပေါချောင်းလက်တက်ကိုဖြတ်၍ ရေဝေခင်ကြော အတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-458418) အထိ၊ ထိုမှ အနောက်တောင်ဘက် ခင်ကြောအတိုင်း (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-420412) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-415399) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-409405) အထိ၊ ထိုမှ အနောက်တောင်ဘက် ခင်ကြောအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-376397) အထိ၊ ထိုမှ အနောက်မြောက်ဘက်ခင်ကြောအတိုင်း နမ့်ဟီခါးချောင်းကိုဖြတ်၍ (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (B-346411) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ နတ်သမီးတောင်ပေါ်ရှိ ထမံသီဘေးမဲ့တော နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (B-352435) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ထမံသီဘေးမဲ့တော နယ်နိမိတ်အတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ထမံသီဘေးမဲ့တောအဆုံး ခန့်မှန်းမြေပုံညွှန်း (B-369456) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ နတ်သမီးတောင်ကြောအတိုင်း (၄) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (B-396522) အထိ။

၃။ **တားမြစ်ချက်များ**

"နန့်တပေါကြီးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ-(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၆,၂၇၄) ဧကရှိသောနယ်မြေကို “နောင်လျဲန် (ခ) မိုင်းယောင်းနွဲ့ ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (ML-430510) မှအစပြု၍ အရှေ့မြောက်ဘက်သို့ လူသွားလမ်းအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-440516) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-467511) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-487525) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-500520) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ လူသွားလမ်းအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-513525) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-524511) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ဟွေလချောင်းဘေးနေရာ ခန့်မှန်းမြေပုံညွှန်း (ML-538499) အထိ၊ ထိုမှ တောင်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-541484) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ချောင်းလက်တက်အတိုင်း (၆) ဖာလုံခန့်လာရာ ချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (ML-549474) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ချောင်းလက်တက်ဘေး ခန့်မှန်းမြေပုံညွှန်း (ML-545456) အထိ၊ ထိုမှ တောင်ဘက်သို့ ချောင်းအတိုင်း (၅) ဖာလုံခန့်လာရာ နမ့်ကောင်လုံချောင်းနှင့် ဆုံရာ ခန့်မှန်းမြေပုံညွှန်း (ML-543446) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ နမ့်ကောင်လုံချောင်းအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-522446) အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-515452) အထိ၊ ထိုမှ အနောက်ဘက်သို့ ချောင်းအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-499451) အထိ၊ ထိုမှ အနောက်

ဘက်သို့ ချောင်းအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ နမ့်ကောင်လုံချောင်းနှင့် ပွေနောင်ကျောက်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (ML-473457) အထိ၊ ထိုမှ ချောင်းအတိုင်း အနောက်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-456459) အထိ၊ ထိုမှ ချောင်းဘေးအတိုင်း အနောက်တောင်ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ချောင်းဖျားထိပ် ခန့်မှန်းမြေပုံညွှန်း (ML-427446) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-410461) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-409475) အထိ၊ ထိုမှ မြောက်ဘက်သို့ လူသွားလမ်းအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (ML-410490) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (ML-430510) အထိ။

၃။ **တားမြစ်ချက်များ**

"နောင်လျံန် (ခ) မိုင်းယောင်းနွဲ့ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၉ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၄။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁) နှင့် (၂) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

အယ်လ်ဖောင်းရှိုး
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ကယားပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇. ၇၈၀ | | | ၂,၂၅၇. ၈၇၀ | | | | | ၂,၂၇၅. ၆၅၀ |
| ၂ | ၄ | | ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၄. ၅၃၆ | | | | | | | | ၄. ၅၃၆ |
| ၃ | ၅ | | စာရင်းစစ်ချုပ်ရုံး | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂. ၈၈၀ | | | | | | | | ၂. ၈၈၀ |
| | | | ပေါင်း | | ၂၅. ၁၉၆ | | | ၂,၂၅၇. ၈၇၀ | | | | | ၂,၂၈၃. ၀၆၆ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၃၂. ၅၀၁** | | | | | | | | **၃၂. ၅၀၁** |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၂. ၅၀၁ | | | | | | | | ၃၂. ၅၀၁ |
| ၂ | | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **ဍင်း** | **၀. ၈၉၈** | | | **၃. ၅၀၀** | | | | | **၄. ၃၉၈** |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၀. ၈၉၈ | | | ၃. ၅၀၀ | | | | | ၄. ၃၉၈ |
| ၃ | ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | **ဍင်း** | **၄၈. ၈၉၆** | | | | | | | | **၄၈. ၈၉၆** |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၇. ၁၆၁ | | | | | | | | ၄၇. ၁၆၁ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၁. ၇၃၅ | | | | | | | | ၁. ၇၃၅ |
| ၄ | ၄ | | **ကျန်းမာရေးနှင့်အားကစား** | **ဍင်း** | **၁၄. ၇၀၁** | | | | | | | | **၁၄. ၇၀၁** |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၄. ၇၀၁ | | | | | | | | ၁၄. ၇၀၁ |
| ၅ | | | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **ဍင်း** | **၀. ၀၆၀** | | | | | | | | **၀. ၀၆၀** |
| | | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | | ၀. ၀၆၀ | | | | | | | | ၀. ၀၆၀ |
| ၆ | ၆ | | **ဆောက်လုပ်ရေး** | **ဍင်း** | **၂၀. ၀၄၆** | | | **၁၈. ၀၃၀** | | | | | **၃၈. ၀၇၆** |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၅. ၇၂၆ | | | | | | | | ၁၅. ၇၂၆ |
| | | ၂ | လမ်းဦးစီးဌာန | | ၄. ၃၂၀ | | | ၁၈. ၀၃၀ | | | | | ၂၂. ၃၅၀ |
| ၇ | ၇ | | **စည်ပင်သာယာရေးအဖွဲ့** | **ဍင်း** | **၄၄. ၁၈၉** | | | **၅၀၆. ၄၀၀** | | | | | **၅၅၀. ၇၈၉** |
| | | | **ပေါင်း** | | **၁၆၀. ၄၉၁** | | | **၅၂၇. ၉၃၀** | | | | | **၆၈၉. ၄၂၁** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေထုတ်ပြန်ကြေညာခြင်း**

ကရင်ပြည်နယ်ဝန်ကြီးချုပ်က အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**၊ (၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေ အမှတ် ၃။) ကို ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ဒေါက်တာသက်ဇော်ဦး
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်လွှတ်တော်ရုံး

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**

**ကရင်ပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃။)**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း (၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၂၃၁၄. ၄၄၁ | | | | | ၂၃၁၄. ၄၄၁ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၇. ၁၃၁ | | | | | | | | ၁၇. ၁၃၁ |
| ၃ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၇. ၇၇၆ | | | | | | | | ၇. ၇၇၆ |
| | | ပေါင်း | | ၂၄. ၉၀၇ | | | ၂၃၁၄. ၄၄၁ | | | | | ၂၃၃၉. ၃၄၈ |

## ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၈. ၀၇၇** | | | **၅၂. ၆၅၀** | | | | | **၇၀. ၇၂၇** |
| | | ၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၈. ၀၇၇ | | | ၄. ၆၅၀ | | | | | ၂၂. ၇၂၇ |
| | | ၂။ မီးသတ်ဦးစီးဌာန | | | | | ၄၈. ၀၀၀ | | | | | ၄၈. ၀၀၀ |
| ၂ | ၂ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **ယင်း** | **၂၉. ၃၂၈** | | | | | | | | **၂၉. ၃၂၈** |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၂၇. ၉၀၀ | | | | | | | | ၂၇. ၉၀၀ |
| | | ၂။ သမဝါယမဦးစီးဌာန | | ၁. ၄၂၈ | | | | | | | | ၁. ၄၂၈ |
| ၃ | ၆ | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **ယင်း** | **၇. ၈၃၃** | | | | | | | | **၇. ၈၃၃** |
| | | ၁။ ဗဟိုစာရင်းအင်းအဖွဲ့ | | ၇. ၈၃၃ | | | | | | | | ၇. ၈၃၃ |
| ၄ | ၇ | **ဆောက်လုပ်ရေး** | **ယင်း** | **၀. ၀၀၀** | | | **၁၅၇၆. ၀၈၈** | | | | | **၁၅၇၆. ၀၈၈** |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | | | | | ၀. ၀၀၀ |
| | | ၂။ လမ်းဦးစီးဌာန | | | | | ၁၅၇၆. ၀၈၈ | | | | | ၁၅၇၆. ၀၈၈ |
| ၅ | ၈ | **စည်ပင်သာယာရေးအဖွဲ့များ** | **ယင်း** | **၁၈. ၃၈၀** | | | **၁၃၀. ၀၈၉** | | | | | **၁၄၈. ၄၆၉** |
| | | **ပေါင်း** | | **၇၃. ၆၁၈** | **၀. ၀၀၀** | **၀. ၀၀၀** | **၁၇၅၈. ၈၂၇** | **၀. ၀၀၀** | **၀. ၀၀၀** | **၀. ၀၀၀** | **၀. ၀၀၀** | **၁၈၃၂. ၄၄၅** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | **၁** | **လျှပ်စစ်နှင့် စွမ်းအင်** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | | **၃၈. ၀၀၀** | | | | | **၃၈. ၀၀၀** |
| | | ၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၃၈. ၀၀၀ | | | | | ၃၈. ၀၀၀ |
| | | **ပေါင်း** | | | | | **၃၈. ၀၀၀** | | | | | **၃၈. ၀၀၀** |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၉ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

### အခန်း (၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဆလိုင်းလျန်လွှယ်

ဝန်ကြီးချုပ်

ချင်းပြည်နယ်အစိုးရအဖွဲ့

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃၉. ၇၀၀ | | | ၅၃၆. ၆၅၆ | | | | ၆၇၆. ၃၅၆ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၂. ၉၆၀ | | | ၁၈၃. ၅၅၀ | | | | ၁၉၆. ၅၁၀ |
| ၃ | ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁. ၀၂၀ | | | | | | | ၁. ၀၂၀ |
| ၄ | ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉. ၄၈၀ | | | | | | | ၉. ၄၈၀ |
